# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ စနေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၉၂)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီယမ်ဘွန်ဗက် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ကမ္ဘောဒီးယားသံအမတ်ကြီးအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၁၃ ခုနှစ်တွင် မြန်မာ-ကမ္ဘောဒီးယား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် နိုင်ငံသားများအနေဖြင့် ဗီဇာလျှောက်ထားစရာမလိုဘဲ ကူးသန်းသွားလာခွင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဗုဒ္ဓတက္ကသိုလ်များ၌ ကမ္ဘောဒီးယားနိုင်ငံမှ ဆရာတော်များနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ပညာသင်ကြားနိုင်ရေးနှင့် ပညာသင်ဆုများ ရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**



## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာနဖွင့်

**မူဆယ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင်၌ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပခဲ့သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သစ်အကြောင်း၊ မြန်မာနိုင်ငံ၏ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခြားနိုင်ငံများ၏ပုံစံများ၊ ဖွဲ့စည်းမှုများကို နမူနာယူလေ့လာခဲ့ကြောင်း၊ အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံ၏ KOTRA နှင့် မလေးရှားနိုင်ငံ၏ MARTRADE တို့ကိုနမူနာယူ၍ Myanmar Trade Promotion Organization-MYANTRADE အဖွဲ့သစ်ကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း၊ MYANTRADE ၏ မျှော်မှန်းချက်မှာ မြန်မာ့စီးပွားရေးလုပ်ငန်းများကို မြှင့်တင်၍ ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးမှုမဟာဗျူဟာကို အကောင်အထည်ဖော်ကာ ဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်သွယ်မှုနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရန်ဖြစ်ပြီး မြန်မာ့ပို့ကုန်လုပ်ငန်းများအား ဒေသအတွင်းသာမက ကမ္ဘာ့ဈေးကွက်များတွင် ပါဝင်ယှဉ်ပြိုင်ရေးကူညီရန်နှင့် Made in Myanmar အမှတ်တံဆိပ်ကို လူများသိရှိစေရန် တို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ယခုကဲ့သို့ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ်ခြင်းအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးသဖြင့် မူဆယ်မြို့မှာ ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဒေသအတွင်း၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ *စာမျက်နှာ ၃ ကော်လံ ၅* ◆



## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံသို့ ထွက်ခွာ

စာမျက်နှာ-၃

## ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယို ဂူတာရက်စ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ရေပန်းစားနေ

စာမျက်နှာ-၁၀

## အခိုးခံရသော ဗုဒ္ဓရုပ်ပွားတော်အား ဩစတြေးလျ အမျိုးသားပြခန်းမှ ဝယ်ယူထားပြီး အိန္ဒိယသို့ပြန်လည်ပို့ဆောင်

စာမျက်နှာ-၁၁




မြန်မာ့အလင်း

# အသက်ဉာဏ်စောင့်

မိမိတို့နိုင်ငံ၏ဆေးဝါးဈေးကွက်အတွင်း ဆေးဝါးအတုများ၊ စံချိန်စံညွှန်းပြည့်မီခြင်းမရှိသည့် ဆေးဝါးများ၊ မှတ်ပုံတင်မထားသော ဆေးဝါးများ ရောင်းချခြင်း မရှိရေးအတွက် သက်ဆိုင်ရာက စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး အများပြည်သူသိရှိစေရန်အတွက်လည်း အခါအားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဈေးကွက်အတွင်း စစ်ဆေးတွေ့ရှိရသော ဆေးဝါးအတုတစ်မျိုးကို အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ရာ အဆိုပါဆေးဝါးအတုမှာ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော **Griseofulvin Tablets 125 mg** ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံတစ်ခုမှထုတ်လုပ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါဆေးအမျိုးအစားမှာ ပွေး၊ ဒက်၊ ဂျွတ် စသောအရေပြားရောဂါများအတွက် သောက်ဆေးအဖြစ် ထုတ်လုပ်ထားသည့် ပဋိဇီဝဆေးအမျိုးအစားတစ်မျိုးဖြစ်ရာ ဆေးဝါးအစစ်အမှန်ဆိုလျှင်ပင် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သောက်ရမည့် ဆေးဝါးမျိုးဖြစ်သည်။ ပဋိဇီဝဆေးဝါး **(anti-biotics)** များဆိုသည်မှာ ရောဂါအမျိုးအစားအလိုက်၊ ရောဂါပိုးအလိုက် သုံးစွဲရပြီး ဆရာဝန်က ညွှန်ကြားသည့်ဆေးပမာဏ၊ ဆေးသောက်ရမည့် အကြိမ်အရေအတွက်နှင့် သင့်လျော်သော အချိန်ကာလအပိုင်းအခြားအတိုင်းသာ သုံးစွဲကြရခြင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ဆေးဝါးများရောင်းချသောဆိုင်များက ဆရာဝန်ညွှန်ကြားစာမပါဘဲ ဝယ်ယူနိုင်သောဆေးများဖြစ်သည့် အားဆေးများ၊ ဖျားနာ၊ နှာစေး၊ ခေါင်းကိုက်၊ ချောင်းဆိုး စသောသာမန်ဝေဒနာများအတွက် သောက်ဆေးများကိုသာမက ဆရာဝန်ညွှန်ကြားချက်ပါမှ ဝယ်ယူနိုင်သည့်ဆေးဝါးများကိုပါ ရောင်းချလျက်ရှိသည်။ ထို့ပြင် ဆေးလာဝယ်သူပြောကြားသည့် ရောဂါလက္ခဏာကိုလိုက်၍ ဆေးရောင်းချသူက တွဲစပ်ပေးလိုက်သော စပ်ဆေးများကိုပါ ရောင်းသူဝယ်သူ အလွယ်တကူဆိုသကဲ့သို့ပင် ရောင်းချဝယ်ယူသုံးစွဲလျက်ရှိကြသည်။

စင်စစ်အားဖြင့် ဆေးဆိုသည်မှာ ရောဂါဝေဒနာပျောက်ကင်းစေသည့် ကောင်းကျိုးသာမက ဘေးထွက်ဆိုးကျိုးများလည်း ပါဝင်လျက်ရှိသလို တချို့အိမ်သုံးဆေးဝါးများမှာ လူတိုင်းသုံးစွဲရန်မသင့်သည်ကိုလည်း သတိပြုကြရန်လိုသည်။ ဥပမာအားဖြင့် အကိုက်အခဲပျောက်ဆေးဖြစ်သော **Aspirin** (အက်စ်ပရင်)သည် အစာအိမ်အနာရှိသူ (ဗိုက်အောင့်လေ့ရှိသူ)များ သောက်သုံးမည်ဆိုပါက ယင်းဆေး၏ သွေးကျဲစေသော အာနိသင်ကြောင့် အစာအိမ်ရောင်ခြင်း၊ သွေးယိုခြင်းတို့ ဖြစ်နိုင်သောအန္တရာယ်ရှိကြောင်း သိရှိထားရန်လိုအပ်မည်ဖြစ်သည်။ ထို့ပြင် အအေးမိနှာစေးခြင်းအတွက် သောက်သုံးသည့် ဘာမီတွန်၊ ခေါင်းကိုက်ဖျားနာခြင်းအတွက် သောက်သုံးသည့် ပါရာစီတမော့ဆေးတို့သည်ပင်လျှင် အလွန်အကျွံ အကြိမ်ကြိမ်သောက်သုံး၍ မရသောဆေးဝါးများဖြစ်ကြသည်။ "တန်ဆေးလွန်ဘေး"ဟူသော စကားပုံကဲ့သို့ပင် ဆေးမှန်သမျှသည် အလွန်အကျွံ သုံးစွဲမိပါက ဘေးအန္တရာယ်ဖြစ်တတ်ကြောင်း သတိပြုကြရမည်ဖြစ်သည်။

တစ်ဖန် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲကြရသည့် **Prescription only medicine** များသည်လည်း ဆေးဆိုင်မှ ဆေးရောင်းချသူက ဆေးစပ်ရောင်းချခြင်းအားဖြင့် ဝေဒနာနှင့်ဆေး တခြားစီဖြစ်ခြင်း၊ ဆေးသောက်ရမည့်ပမာဏ၊ အကြိမ်အရေအတွက်တို့ ပြည့်မီမှုမရှိခြင်း စသည်တို့ဖြစ်လာနိုင်ပြီး ရောဂါဝေဒနာမပျောက်သည့်အပြင် ရောဂါပိုးက ဆေးယဉ်ပါးလာသည့်အန္တရာယ်တို့ ဖြစ်ပေါ်လာနိုင်သည်။

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးအတွက် ဆေးဝါးများဝယ်ယူသုံးစွဲမှုကို မလွဲသာ မရှောင်သာ ပြုလုပ်နေကြရမည်ဖြစ်ရာ ဆေးဝါးဈေးကွက်အတွင်းမှ ဆေးဝါးအတုများ၊ မှတ်ပုံမတင်ထားသောဆေးဝါးများ၊ စံမညီဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ စသည်တို့ကို ဂရုပြု ဝယ်ယူသုံးစွဲကြရန် လိုအပ်သကဲ့သို့ အိမ်သုံးဆေးဝါးများကို သုံးစွဲကြရာတွင်လည်း ဆေးတို့၏ဘေးထွက်ဆိုးကျိုးသဘာဝကို သိနားလည်ထားကြရန် လိုအပ်ကြောင်း၊ ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရန်သင့်သည့် ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုက်နာသုံးစွဲခြင်းဖြင့် "အသက်ဉာဏ်စောင့်" နိုင်ကြပါစေကြောင်း တင်ပြအပ်ပါ၏။ ။




## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေးက အမှာစကား ပြောကြားခဲ့ပြီး ဆုရရှိသူများဖြစ်သည့် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် ရိုးရိုး အောင်မြင်သူ ၃၂ ဦးတို့အား ယာဉ်ထိန်း ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူ ၁၉၈ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## ခရမ်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု ကွင်းဆင်းစစ်ဆေး

**ခရမ်း ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင်လ တတိယပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ တကောကန်၊ ညောင်ပန်း၊ ပလူကန် ကျေးရွာတို့တွင် ကျေးရွာသူကျေးရွာသားများ မြစိမ်းရောင်ချေးငွေဖြင့် လုပ်ငန်းများလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ငွေစာရင်းဆိုင်ရာ ဇယားများစနစ်တကျ ဖြည့်သွင်းထိန်းသိမ်းထားခြင်း ရှိ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ထင်သာမြင်သာပြုပြင်စရာ

## ယာဉ်များရပ်နားထားမှု ဖယ်ရှားပေးစေလို



စစ်တွေမြို့သည် ပြည်နယ်၏အဓိကရုံးစိုက်ရာမြို့တော်နှင့် ကုန်စည်စီးဆင်းရာ မြို့တော်လည်းဖြစ်သည်။ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလိုင်းများရှိသဖြင့် လမ်းအသုံးပြုသူများပြားသည်။ စစ်တွေမြို့အဝေးပြေးဂိတ်သို့ နေ့စဉ်ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ရာချီပြီး ဝင်ထွက်သွားလာလျက်ရှိသည်။ ထို့အတူ အနီးအနားရှိ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမြို့များမှလည်း ကားငယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များရာချီကာ မြို့တွင်းသို့ ဝင်ထွက်သွားလာနေကြရာ အဝေးပြေး ဂိတ်ရှေ့လမ်းမကြီး (စစ်တွေ-ရန်ကုန်လမ်းမကြီး)သည် သွားလာရေးအတွက် အားထားနေရသော လမ်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ယင်းလမ်းဝဲယာတွင် အဝေးပြေးခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များ အချိန်ကြာမြင့်စွာ ရပ်နားထားခြင်း၊ ကားပြုပြင်ခြင်းများ ပြုလုပ်နေကြသည့်အတွက် လမ်းပိတ်ဆို့မှုများဖြစ်ကာ ခရီးသည်များ အချိန်တိုအတွင်းလိုရာခရီးကို မရောက်နိုင်ဘဲ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ ထို့ကြောင့် အများပြည်သူသုံးလူစည်ကားရာ လမ်းမကြီးများပေါ်တွင် အချိန်ကြာမြင့်စွာ ရပ်နားထားသည့်ယာဉ်များကို ဖယ်ရှားပေးပါက သွားလမ်းသာ၍ လာလမ်းဖြောင့်မည်ဖြစ်သဖြင့် ပြည်သူများလိုလားလျက်ရှိကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-ညေစော**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၂-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၀.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၉.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၇ |
| တရုတ် | တစ်ယွမ် | ၁၇၆.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၄၀ |

မြန်မာ့အလင်း
၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် ည ၉ နာရီတွင် ရောက်ရှိသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၃ ရက်တွင် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်ကိုယ်စားလှယ်များတွေ့ဆုံသည့် အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး ဇူလိုင် ၂၄ ရက်တွင် (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေးသို့ အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက်တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ပြီး ဇူလိုင် ၂၆ ရက်တွင် (၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယင်းနေ့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ ဝန်ကြီးအဆင့် မျက်နှာစုံညီ အစည်းအဝေးနှင့် သီးသန့်အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်သည်။ အစည်းအဝေးသို့ အာဆီယံဒေသဆိုင်ရာဖိုရမ်မှ အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅၂/ ၂၀၁၆
၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ တို့အရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူညီသည့် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးတင်အောင် ကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ *ရှေ့ဖုံးမှ*

အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရသည့်အတွက် ကုန်သွယ်မှုအကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုဗဟိုဖွင့်လှစ်ခြင်းအားဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကိုဆောင်ရွက်နေသည့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးဝန်ကြီးဌာနနှင့်လက်တွဲပြီး လိုအပ်သည်များကို တတ်နိုင်သည့်ဘက်က ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ မောဝ်ရွှေလီဖွင့်ပွဲကို ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## သာယာဝတီမြို့နယ်၌ တိုင်းရင်းဆေးနယ်လှည့်အခမဲ့ကုသ

**နေပြည်တော် ဇူလိုင် ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးဦးစီးဌာန သာယာဝတီမြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်ဆေးခန်းမှူး ဒေါ်နန်းအေးစိုးမိုးနှင့်အဖွဲ့သည် သုံးဆယ်မြို့နယ် ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဇူလိုင် ၂၂ ရက်နံနက်ပိုင်းက တိုင်းရင်းဆေး(အခမဲ့) ကွင်းဆင်းကုသပေးခဲ့သည်။

သုံးဆယ်မြို့နယ် ရွှေဆယ်ဝတီဘိုးဘွားရိပ်သာမှ ဘိုးဘွားများ၊ မြို့နယ်တွင်းရှိ ကျေးရွာများရှိ ပြည်သူများအား လစဉ် ကွင်းဆင်းဆေးကုခြင်း၊ တိုင်းရင်းဆေး ကျန်းမာရေး ဟောပြောခြင်းများကို ဆောင်ရွက်ပေးနေကြောင်း ဒုတိယလက်ထောက် တိုင်းရင်းဆေးမှူးက ပြောသည်။ **ဖိုးသန့်**

## ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**နောင်ချို ဇူလိုင် ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အဓိကကျသော ပြည်ထောင်စုကားလမ်း မန္တလေး-မူဆယ်လမ်းပိုင်း၌ ဖြတ်သန်းသွားလာရာတွင် နေပူမရှောင်၊ မိုးရွာမရှောင် တာဝန်ထမ်းဆောင်ကူညီဆောင်ရွက်ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက ဂုတ်တွင်း တံတားအနီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေး၊ ကျောက်မဲမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းဆင့်၊ နောင်ချိုမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင်၊ အမှတ် (၁၂၀) ယာဉ်ထိန်း ရဲတပ်ခွဲမှူး ဒုရဲမှူး ချစ်စိန်နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မန္တလေး-မူဆယ် ကားလမ်းပိုင်းကုန်တင်ကားများအသင်းကိုယ်စား ဦးအောင်ကိုကိုနှင့်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် The Carter Center မှ Peace Programs ဒုတိယဥက္ကဋ္ဌ Mr. Jordan Ryan နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီယမ်ဘွန်ဇက်အား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီယမ်ဘွန်ဇက်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုများချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဝန်ထမ်းများ၏ သားသမီးများအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုရှေ့နေချုပ်က ယခု ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းသည် ပဉ္စမအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေဖြင့် ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ပညာရေးကို စဉ်ဆက်မပြတ် အားပေးလျက်ရှိပါကြောင်း၊ ယခုနှစ်တွင် ဝန်ထမ်းများ၏သားသမီး စုစုပေါင်း ၁၁၈ ဦးအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၉ သိန်းကျော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဥပဒေရုံးများမှ ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅ ဦးအတွက် ပညာရည်ချွန်ဆု ငွေကျပ် ၃၂ သိန်း စုစုပေါင်း ငွေကျပ် ၆၁ သိန်းကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့က ပညာသင်ထောက်ပံ့ငွေများကို ကျောင်းသားမိဘများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငွေကျပ် ၂၀၀ တန်ထီ ဩဂုတ် ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၂**

(၃၃၁)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဩဂုတ် ၁ ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆု ချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၁၀၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ ငါးဆု၊ ငွေကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ငွေကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၈ ဆု၊ ငွေကျပ်သိန်း ၅၀ ဆု ၂၀၊ ငွေကျပ် ၂၅ သိန်းဆု ၂၀၊ ငွေကျပ် ၁၀ သိန်းဆု ၃၀၊ ငွေကျပ် ငါးသိန်း ၃၄ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် သုံးသိန်းဆု ၁၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် နှစ်သိန်းဆု ၁၀၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ ၉ ယူနစ်အတွက် ငွေကျပ် တစ်သိန်းဆု ၉၀၀၀ နှင့် အက္ခရာနှင့် ရှေ့ဂဏန်း နှစ်လုံးတူ ၃ ယူနစ်အတွက် ငွေကျပ် ငါးသောင်းဆု ၃၀၀၀၀ အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘီးလင်း၌ သမဝါယမအသင်းမှ ချေးငွေများထုတ်ချေး

**ဘီးလင်း ဇူလိုင် ၂၂**

ဘီးလင်းမြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများဖြင့် ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းသားများအား China Exim Bank မှ ပံ့ပိုးငွေဖြင့် မြို့နယ်သမဝါယမအသင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအထောက်အကူဖြစ်စေရေးအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၈ ရက်အထိ သမဝါယမအသင်းသား ၁၃၂၈၆ ဦးအတွက် ပံ့ပိုးချေးငွေကျပ်သိန်းပေါင်း ၂၁၆၁၈ ဒသမ ၉၁ သိန်းနှင့် အသင်းပိုင် ငွေကျပ်သိန်းပေါင်း ၇၈၇၃ ဒသမ ၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံ ကျေးလက်လမ်းများ ဖွံ့ဖြိုးမှုဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့က ကူညီဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၂**

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်လမ်းများ ရာသီမရွေး သွားလာနိုင်ရန် လိုအပ်ကြောင်း၊ ကျေးလက်ဦးစီးဌာနအနေဖြင့် အမျိုးသားအဆင့် မီးလင်းရေး၊ ရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အကူအညီဖြင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးမှုအစီအစဉ် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေဆိုင်ရာ အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အကူအညီဖြင့် မြန်မာနိုင်ငံ ကျေးလက်လမ်းများဖွံ့ဖြိုးမှုအစီအစဉ် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ရန်ပုံငွေနှင့်သာမကဘဲ ပြည်ပအကူအညီဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KFW)က ရှမ်းပြည်နယ်တောင်ပိုင်းတွင် ယူရို ၁၈ သန်း ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်၌ အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် လမ်း၊ တံတားပြုပြင်ရန်နှင့် ADB မှ အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် ချင်းပြည်နယ် သဘာဝဘေးကြောင့် ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် ထောက်ပံ့မှုများပေးရန် ကတိကဝတ်များ ရရှိပြီးဖြစ်ကြောင်း၊ မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းတို့၌ သဘာဝဘေးကြောင့် ပျက်စီးသည့် ကျေးလက်လမ်း၊ တံတားများ ပြုပြင်ရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၇၀ အကူအညီရရှိခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်လမ်းများဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာအား နှစ်တို၊ နှစ်ရှည် စီမံကိန်း ရေးရှည်လိုအပ်မှုတို့အား အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက ဆွေးနွေးအကြံပြုကြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ကလေးဝမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန က အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မှုခင်းကြိုတင်ကာကွယ်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Snr. Lt. Gen Nguyen Van Thanth နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မှုခင်းကြိုတင်ကာကွယ်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းမှ ပုဂ္ဂလိကဆေးရုံ ၂၀၈ ရုံ၊ အထူးကုဆေးခန်း ၅၂၄ ခန်း၊ ရောဂါရှာဖွေရေး ၁၈၂ ခုဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့(၃/၂၀၁၆)အစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် Myanmar Health Vision 2030 သည် မျှော်မှန်းချက်တစ်ခုဖြစ်ပြီး နိုင်ငံ တစ်နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို ဆုံးဖြတ်ပေးနိုင်သည့် ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေးစနစ် (Universal Health Coverage) ရရှိအောင် ဦးတည်ကြိုးစား ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း။

အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများသည် အစိတ်အပိုင်းတစ်ရပ်အဖြစ် စနစ်တကျပါဝင်ဆောင်ရွက်နိုင်စေရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများသည် ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းအရပ်ရပ်ကို လုပ်ကိုင်လိုသူများသည် သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားခဲ့ရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့မှ ၂၀၁၆ ခုနှစ် ဇွန်လအထိ ပုဂ္ဂလိကဆေးရုံ ၂၀၈ ရုံ၊ အထူးကုဆေးခန်း ၅၂၄ ခန်း၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ၁၈၂ ခု၊ ရောဂါရှာဖွေရေးဓာတ်မှန် ၁၃၅ ခု၊ သားဖွားခန်း ၄၅ ခန်း၊ အထွေထွေကျန်းမာရေးလုပ်ငန်း ၂၀ ၊ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း ၁၃ ခု၊ နယ်လှည့်ကျန်းမာရေးလုပ်ငန်း ငါးခုနှင့် သူနာပြုစုရေးဂေဟာ တစ်ခုတို့အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထားရှိပြီးဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် ပြည်ပသို့ သွားရောက်ကုသမှုကြောင့် ကုန်ကျမည့်စရိတ် လျှော့ချနိုင်ရေးအတွက်လည်းကောင်း၊ မြင့်မားသော ကုသစောင့်ရှောက်မှု အရည်အသွေးဖြင့် နိုင်ငံတကာအဆင့်မီဆေးရုံများ ပေါ်ပေါက်လာရေးအတွက် ပုဂ္ဂလိကဆေးရုံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု Public Private Partnership (PPP) များကို မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့နှင့် ကြီးကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်မှုများကို သတင်းမီဒီယာများအပါအဝင် ဆက်သွယ်ရေး နည်းလမ်းအသုံးပြုခြင်းဖြင့် ပြည်သူများ၊ လုပ်ငန်းရှင်များသိရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည်များကို ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာသော ဗဟိုအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကင်ညာနိုင်ငံတွင် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကုလသမဂ္ဂညီလာခံ၏ (၁၄) ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏(၁၄)ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးကို ဇူလိုင် ၂၁ ရက်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးလာခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလာခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ကျဆင်းလျက်ရှိနေကြောင်း၊ UNCTAD XIV ညီလာခံအနေဖြင့် ကမ္ဘာ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မည့် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းနိုင်မည် ဖြစ်သည့်အတွက် အရေးပါသော ညီလာခံကြီးတစ်ခု ဖြစ်ပါကြောင်း၊ အစည်းအဝေး၏ အဓိကဆောင်ပုဒ်ဖြစ်သော “ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ကမ္ဘာ့နိုင်ငံများအားလုံး တန်းတူညီမျှသော အခွင့်အလမ်းများဖြင့် အားလုံးပါဝင်နိုင်မည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းရရှိရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးမှ အမှန်တကယ် အကောင်အထည်ဖော်နိုင်ရေး” ဆိုသည့် အချက်မှာ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်အမြင်များဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ UNCTAD အဖွဲ့အစည်းအနေဖြင့် ၎င်း၏အခန်းကဏ္ဍဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ကုန်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားဆက်စပ်ကဏ္ဍများဖြစ်သော ဘဏ္ဍာရေး၊ နည်းပညာ၊ အရင်းအနှီးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကဌာနအဖြစ် ဆက်လက်ရှိနေရေးမှာလည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် UNCTAD ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာရေးအတွက် ထောက်ခံပါကြောင်း၊ UNCTAD အနေဖြင့် မြန်မာနိုင်ငံသို့ပေးအပ်သည့် အကူအညီများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရမည့် အချိန်တွင် ဆောင်ရွက်ရန် လိုအပ်မည့် လုပ်ငန်းစဉ်များ ဖော်ထုတ်လေ့လာဆန်းစစ်ခြင်းနှင့် ရေထွက်ပစ္စည်းများကဏ္ဍတွင် အကူအညီပေးလျက်ရှိသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ပိုမိုပေါင်းစည်းနိုင်မှုနှင့် ပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် UNCTAD အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

UNCTAD XIV ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်တွင် ကင်ညာနိုင်ငံသမ္မတ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ နမ်မီးဘီးယားနိုင်ငံသမ္မတ၊ ယူဂန္ဓာနိုင်ငံ ဒုတိယသမ္မတတို့က ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်သက်ဆိုင်သောဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ပညာရှင်များ စုစုပေါင်း ၃၀၀၀ ကျော် တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီးသည် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ (၁၄) ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေး(UNCTAD XIV)သို့ တက်ရောက်စဉ် ကာလအတွင်း ဇူလိုင် ၁၉ ရက်တွင် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနမှ ညွှန်ကြားရေးမှူး Ms. Iwona Woicka-Zulawska ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာကောင်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဇူလိုင် ၂၀ ရက်တွင် International Trade Center ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Arancha Gonzalez နှင့် တွေ့ဆုံ၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ICTနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

ကချင်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ တနင်္သာရီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# အော်တစ်ဇင်ရောဂါခံစားနေရသော ကလေးငယ်များ ဘာသာစကားသင်ယူရေး မြန်မာဘာသာဆော့ဖ်ဝဲထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား နယူးဇီလန်နိုင်ငံအခြေစိုက် Moveahead Software အဖွဲ့မှ Director Mr.Trevor ဦးဆောင်သောအဖွဲ့က ယင်းဝန်ကြီးဌာန မေခလာခန်းမ၌ ယနေ့ နံနက် ၉ နာရီက လာရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးငယ်များ၊ Down’s Syndrome အော်တစ်ဇင်ရောဂါခံစားနေရသော ကလေးငယ်များအတွက် ဘာသာစကားသင်ယူခြင်း၊ ပညာသင်ယူခြင်းများ လွယ်ကူစေရန် နည်းပညာ Software အား မြန်မာဘာသာဖြင့် ထုတ်လုပ်နိုင်ရေးပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ အဆိုပါ ဆော့ဖ်ဝဲအား အထူးလိုအပ်ချက်ရှိသော ကလေးငယ်များနှင့် ၎င်းတို့ကိုသင်ကြားပေးနေသော ဆရာ ဆရာမများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ ကလေးမိဘများအနေဖြင့် ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးငယ်များအား ပြုစုစောင့်ရှောက်ရာတွင် အသုံးပြုနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် Brighter Future Foundation အဖွဲ့မှ Managing Director ဖြစ်သူ ဦးဇွဲနန္ဒ ဦးဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သက်ကြီး ခြင်းပညာရှင်များအား ပူဇော်

**မန္တလေး ဇူလိုင် ၂၂**

ဝါဆိုခြင်းအားကစားရုံ၌ ဝါဆိုလပြည့်နေ့ နံနက် ၈ နာရီက အသက် ၇၅ နှစ်အထက်သက်ကြီး ခြင်းပညာရှင် ၅၄ ဦးအား သက်ကြီးပူဇော်ပွဲကျင်းပခဲ့သည်။ အဆိုပါ သက်ကြီးပူဇော်ပွဲတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် မဟာမုနိဘုရားကြီးဂေါပကဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးကျော်ကျော်ဦးတို့က အမှာစကားပြောကြားကြပြီး သက်ကြီး ခြင်းပညာရှင်များအား ကန်တော့ကာ တစ်ဦးလျှင် အလှူငွေကျပ်သုံးသောင်းနှင့် ဂါရဝပြုပစ္စည်းများဖြင့် ဂုဏ်ပြုပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးများကိုယ်စား မန်းတောင်ရိပ်ခိုခြင်းအသင်းမှ အသက် ၈၃ နှစ်ရှိ ဦးကျော်မြင့်က သြဝါဒဆုပေးစကား ပြောကြားကာ အတွင်းရေးမှူး ဦးကျော်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဦးစီးဌာနများမှ ဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ထံ ပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် သတ်မှတ်နေရာများ၌ နှစ်ရှည် သီးနှံပင်များ၊ အရိပ်ရလေကာပင်များနှင့် ရတနာတန်းဝင် ကျွန်းပင်များကို အစားထိုးဖြည့်စွက်စိုက်ပျိုးပေးကြပြီး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြကာ ဝန်ထမ်းသက်သာ သစ်သီးဝလံနှင့် ရာသီ သီးနှံစိုက်ခင်းကို ကြည့်ရှု စစ်ဆေးသည်။

ယခု စိုက်ပျိုးသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စသော နှစ်ရှည်ပင်များအပါအဝင် ပန်းအလှပင်နှင့်အရိပ်ရလေကာပင် စုစုပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဇူလိုင် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၂ တွင် ဖော်ပြပါရှိသည့် အယူခံဝင်ရောက်မှုအောင်မြင်သဖြင့် BBC သတင်းထောက် ထောင်မှ လွတ်သတင်းတွင် မန္တလေးခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးဖြိုးဖြိုး(**အစား**) တွဲဖက်ခရိုင်တရားသူကြီး ဦးညိုထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အောင်ရဲသွင်**

# မိတ္ထီလာစီးပွားရေးတက္ကသိုလ် လုံခြုံရေးနှင့် မူခင်းကျဆင်းရေး ရဲအင်အားတိုးမြှင့်

**မိတ္ထီလာ ဇူလိုင် ၂၂**

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားပြီး လှည့်ကင်း၊ ဝပ်ကင်းများနှင့် အရပ်ဝတ်ဖြင့် သတင်းရယူရေးအဖွဲ့များဖွဲ့စည်းကာ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

“ဇူလိုင်လထဲမှာ မိတ္ထီလာစီးပွားရေးတက္ကသိုလ်က ဆရာတွေနဲ့ အုပ်ချုပ်ရေးပိုင်းတွေ၊ ရဲတပ်ဖွဲ့ဝင်တွေပါတဲ့ အစည်းအဝေးလုပ်ထားပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ အေးချမ်းစွာ ပညာသင်ကြားနိုင်အောင်၊ ပြည်သူလူထုလုံခြုံရေးနဲ့ မှုခင်းကျဆင်းရေးအတွက် အခုဆိုရင် စက်မှုဇုန်ရဲကင်းကို ရဲတပ်ဖွဲ့အင်အားတိုးမြှင့်ချထားပါတယ်။ စက်မှုဇုန်ရဲကင်းမှာ ရဲတပ်ဖွဲ့ဝင် ၁၈ ဦး ချထားပေးပြီး စီးပွားရေး တက္ကသိုလ်နယ်မြေမှာ ဝပ်ကင်း၊ ပတ်ကင်းတွေနဲ့ အရပ်ဝတ်နဲ့သတင်းယူတာတွေလည်း လုပ်နေပါတယ်။ ဇူလိုင်လအတွင်းမှာ ကျောင်းသား ကျောင်းသူတွေနဲ့ပတ်သက်တဲ့လုယက်မှု မှုခင်းဖြစ်စဉ်နှစ်ခု ဖြစ်ခဲ့ပြီးတော့ အဲ့ဒီလုယက်မှုကို ကျူးလွန်တဲ့သူ ငါးဦးစလုံးကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီငါးဦးထဲမှာ အခုအပြင်မှာ ပြောနေသလို ရဲတပ်ဖွဲ့ဝင်တွေရဲ့ သား၊ သမီး ဆွေမျိုး လုံးဝမပါပါဘူး။ ထူးခြားတာဆိုလို့ လုယက်မှု ဖမ်းဆီးရမိတဲ့အထဲမှာ နဝမတန်းကျောင်းသား အသက် ၁၅ နှစ်ကလေးတစ်ဦး ပါဝင်နေတာကို တွေ့ရပါတယ်။ အဲ့ဒီအသက်မပြည့်သေးတဲ့ကလေးကိုလည်း ဥပဒေနဲ့အညီ မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံထားပြီးတော့ အမှုရင်ဆိုင်ခိုင်းပါတယ်။ အဲ့ဒီကလေးဟာလည်း ဥပဒေနဲ့အညီ အမှုရင်ဆိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျုးလွန်သူတွေကိုလည်း အမြန်ဆုံး တရားရုံးတင်ပို့နိုင်အောင် စီစဉ်နေပါတယ်” ဟု မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး မောင်ရွှေက ပြောကြားသည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် မိတ္ထီလာမြို့နှင့် ၁၀ မိုင်ခန့်အကွာ စက်မှုဇုန်အနီး၌ တည်ရှိပြီး ကျောင်းသားကျောင်းသူ ၃၀၀၀ ခန့်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကြယ်စင်လင်း(မိတ္ထီလာ)**

# တောင်သူများအား ချေးငွေများထုတ်ချေး

**ပေါက်တော ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် သမဝါယမဦးစီးဌာနက အသင်းဝင်တောင်သူများအား အသေးစားအရင်းအနှီးချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်သာကျော်က ချေးငွေလုပ်ငန်းနှင့်ပတ်သက်သည့် အကြောင်းအရာကိုရှင်းလင်းပြောကြားသည်။ အဆိုပါ ချေးငွေများကို အသင်းဝင်တောင်သူများ၏ အခြေခံအသင်း ၂၉ သင်းသို့ ငွေကျပ်သိန်း ၂၁၆၈၃၆၅၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာမြေပုံဇာရန်ထုတ်ပေး

**တနိုင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် နမ်ဖျက်ယန်ကျေးရွာ၌ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေပုံဇာရန် (မြေပုံဇာချုပ် )ထုတ်ပေးခြင်း အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်ဦးဆောင်သော ကျေးရွာမြေပုံဇာရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့က ကျေးရွာမြေပုံဇာရန် (မြေပုံဇာချုပ်) ၅၆ ခုကို ကျေးရွာသူ ကျေးရွာသားများထံသို့ လာရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဝေါ်နှင့် ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ နှစ်ပေခွဲခန့်၊ ကနီမြို့၌ ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း မော်လိုက်မြို့နှင့် နောက်နှစ်ရက်အတွင်း ကနီမြို့တို့၌ ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင် သည်။

သို့ဖြစ်၍ ဝေါ်မြစ်တစ်လျှောက်နှင့် မော်လိုက်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သွားသော မြေယာသီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးငွေနှင့်နစ်နာကြေးများပေးအပ်



**မြဝတီ ဇူလိုင် ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)တည်ဆောက်ရေး စီမံကိန်း ဧရိယာ(BCF)ဇုန်အတွင်း ပါဝင်သွားသော တောင်သူ ၁၈ ဦးအား မြေဧရိယာ၊ သီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးငွေနှင့်နစ်နာကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက အမှာစကားပြောကြားပြီး မြဝတီခရိုင်ဥပဒေအရာရှိက မြေယာဥပဒေနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က မြေယာ၊ သီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးနှင့်နစ်နာကြေးပေးအပ်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်နှင့် တာဝန်ရှိသူများက လျော်ကြေးငွေများ ပေးအပ်သည်။ **(ဝဲပုံ)**

ထိုသို့ပေးအပ်ရာတွင် လျော်ကြေးငွေပေးအပ်ရန် ဖိတ်ကြားထားသည့် တောင်သူ ၁၈ ဦးအနက် သုံးဦးမှာ အခမ်းအနားတက်ရောက်ရန်ပျက်ကွက်ခဲ့ကာ စုစုပေါင်း တောင်သူ ၁၅ ဦးသာ တက်ရောက်ခဲ့ပြီး တောင်သူ ၁၂ ဦးက လျော်ကြေးငွေရယူရန် လက်ခံခဲ့သည့်အတွက် အဆိုပါ ၁၂ ဦးအတွက် စုစုပေါင်း လျော်ကြေးငွေ ၅၇၀၄၃၆၉၄၂ ကျပ်အား ပေးအပ်ခဲ့သည်။ ပျက်ကွက်ခဲ့သည့် တောင်သူ သုံးဦးအနက် တစ်ဦးမှာ အခမ်းအနားပြီးမှ လျော်ကြေးငွေအား လာရောက်လက်ခံခဲ့ပြီး ခရီးလွန်ပျက်ကွက် တောင်သူနှစ်ဦးနှင့် လျော်ကြေးငွေလက်မခံသည့် တောင်သူ နှစ်ဦးတို့၏ စုစုပေါင်း လျော်ကြေးငွေ ၄၂၉၅၆၃၀၅၈ ကျပ်အား မြဝတီမြို့နယ်လမ်းဦးစီးဌာနက ထိန်းသိမ်းထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ပြည်သူ့အတွက် တန်ဖိုးနည်းအိမ်ရာများ စတင်တည်ဆောက်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး မြေအကျယ် ပေ (၄၀၀ × ၃၀၀)ပေါ်တွင် အများပြည်သူများ ဘဝ လုံခြုံစိတ်ချစွာအဆင်ပြေနေထိုင်နိုင်ရေးအတွက် ရည်ရွယ်၍ တန်ဖိုးနည်းအိမ်ရာစီမံကိန်းနမူနာပုံစံ နှစ်လုံးကို ဇွန် ၁ ရက်က စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတန်ဖိုးနည်းအိမ်ရာ စီမံကိန်းသည် နေပြည်တော်တွင် ပထမဦးဆုံး ပေါ်ပေါက်လာသော စီမံကိန်းဖြစ်ပြီး အများပြည်သူ၏ လိုအပ်ချက်အပေါ် မူတည်တွက်ချက်၍ ဆက်လက်ထပ်မံတည်ဆောက်သွားဦးမည် ဖြစ်ကြောင်း သိရသည်။ ယခုတည်ဆောက်နေသည့် အဆောက်အအုံ နှစ်လုံး၏ အမျိုးအစားနှင့်အခန်းပေါင်းမှာ သံကူကွန်ကရစ်အဆောက်အအုံပုံစံနှင့် သံထည်အဆောက်အအုံပုံစံ နှစ်မျိုးဖြင့် တည်ဆောက်မည်ဖြစ်ပြီး အဆောက်အအုံတစ်လုံးလျှင် ရှစ်ခန်းတွဲ ငါးထပ် အခန်းပေါင်း ၄၀ ပါရှိပြီး နှစ်လုံးပေါင်းလျှင် အခန်းပေါင်း ၈၀ ရှိမည်ဖြစ်သည်။ ယခုအခါ ၃၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ တိုက်ခန်းတစ်ခန်း၏ ကျသင့်တန်ဖိုးငွေကျပ် သိန်း ၁၀၀ အောက်ခန့်မှန်းထားပြီး ၂၀၁၆ စက်တင်ဘာလကုန်ခန့်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယခု တည်ဆောက်နေသည့် တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ အဆောက်အအုံဦးစီးဌာနသို့ တည်ဆောက်ရေးလုပ်ငန်း အပ်နှံထားခြင်းဖြစ်ပြီး ယင်းအဆောက်အအုံပြီးစီးပါက အများပြည်သူကို မည်သည့်စနစ်ဖြင့် ရောင်းချပေးသွားမည့် အစီအစဉ်ကို မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြေပြင်ကွင်းဆင်းစမ်းသပ်ပြီးမှ ဒီဇိုင်းပုံစံထုတ်တယ်။ အခုလုပ်ငန်းဆောင်ရွက်နေစဉ်မှာပဲ စံချိန်စံညွှန်းနဲ့ အရည်အသွေးကို စစ်ဆေးတဲ့အဖွဲ့က ဒီမှာရုံးထိုင်ပြီး နေ့စဉ်ပုံမှန်စစ်ဆေးဆောင်ရွက်နေပါတယ်" ဟု ဦးစီးအရာရှိ(မြို့ပြ) ဦးမောင်မောင်လွင်က ပြောသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံ အထူးအဖွဲ့ (၂)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာဝန်ထမ်းအဖွဲ့ ၁၀ ဦးနှင့် လုပ်သားဝန်ထမ်း ၁၀၀ ခန့်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**



# ပင်လယ်ရေပြင်ကယ်ဆယ်ရေးလုပ်ငန်း ကျွန်းစုမြို့နယ်၌ သရုပ်ပြလေ့ကျင့်

**ကျွန်းစု ဇူလိုင် ၂၂**

ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ပင်လယ်ရေပြင်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်စေရန် ကျွန်းစုမြို့နယ် မီးသတ်ဦးစီးဌာနက ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခွဲခန့်က ကျွန်းစုမြို့ ဆိပ်ကမ်းအရှေ့ ရေပြင်တွင် ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် ကျွန်းစုမြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေ တပ်ဖွဲ့ဝင်များနှင့် မရွှေဦးကျေးရွာ (အောက်ပိကြပ်)နေ ပြည်သူများ ပူးပေါင်းကာ ပင်လယ်ရေပြင်၌ သဘာဝဘေးကျရောက်ချိန်တွင် ပြည်သူများ၏ အသက်အန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီ ရှာဖွေရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဦးက ပြောကြားသည်။

**ရန်နိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံတွင် ပထမဆုံးရေကြောင်းပြပွဲနှင့် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာ့ရေကြောင်းလောက ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေကြောင်းဘက်ဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ်အဖြစ် ရေကြောင်းပြပွဲနှင့် သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစန်းဦးက ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ ဒီလိုပြပွဲကျင်းပပေးမှုဟာ မြန်မာနိုင်ငံမှာ သင်္ဘောသားအခွင့်အလမ်းတွေ တိုးပွားလာမှာဖြစ်တဲ့အပြင် နိုင်ငံတကာကလည်း ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ သင်္ဘောလုပ်ငန်းဖွံ့ဖြိုးဖို့ အမှန်တကယ်လိုအပ်နေတာပါ။ ကျွန်တော်တို့ သင်္ဘောသားတွေအနေနဲ့ ဒီလိုပြပွဲကို ပြည်ပနိုင်ငံတွေမှာ သွားရောက်လေ့လာနေကြရတာပါ။ ဒီအတွက် ကုန်ကျစရိတ်တွေ များပြားတဲ့အတွက် အခွင့်အလမ်း နည်းပါးခဲ့ပါတယ်။ ဒီပြပွဲကတစ်ဆင့် နိုင်ငံအတွက် များစွာအကျိုးရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဦးစန်းဦးက ယနေ့ညနေပိုင်းတွင် သဃ်န်းကျွန်းရှိ သင်္ဘောသားရုံး၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါပြပွဲနှင့် ဆွေးနွေးပွဲကို ရန်ကုန်မြို့ Myanmar Convention Centre (မင်းဓမ္မ)၌ ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ရေကြောင်းဘက်ဆိုင်ရာ ထုတ်ကုန်များ၊ သင်ထောက်ကူပစ္စည်းများ၊ သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ ရေကြောင်းနှင့်ဆိုင်သော အာမခံနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပညာရှင် ၁၃ ဦးက သင်္ဘောသားလုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာ ၁၃ မျိုးကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲနှင့် ဆွေးနွေးပွဲကို မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်နှင့် Seaberg ကုမ္ပဏီနှင့် SPL ကုမ္ပဏီတို့ ပံ့ပိုးကြီးကြပ်ဦးဆောင်မှုတို့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပမှ သင်္ဘောပိုင်ရှင်များ၊ သင်္ဘောတည်ဆောက်သူများ၊ ပြည်တွင်းငါးဖမ်းလုပ်ငန်းရေယာဉ်ပိုင်ရှင်များ၊ ရေကြောင်းတက္ကသိုလ်နှင့် ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများ၊ သင်္ဘောသားလုပ်ငန်းစိတ်ပါဝင်စားသူများ တက်ရောက်လိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**မြင့်မောင်စိုး**

# စစ်ကိုင်းအထက်ပိုင်း၊ ကချင်နှင့် ရှမ်းတို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာထားကြောင်း သိရသည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး |
| ၄။ | ပဲခူးတိုင်းဒေသကြီး | အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေစကြို၊ နတ်မောက်၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား၊ ငါန်းဇွန် |
| ၇။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊မင်းပြား |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး |
| ၉။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းကိုင်၊ နောင်ချို၊ တာလေ |
| ၁၀။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ ညောင်တုန်း၊ကျိုက်လတ်၊ မြန်အောင်၊ ကြံခင်း |

(မြန်မာ့အလင်း)

# သိုလှောင်ရုံထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၂**

ပြည်သူများအနေဖြင့် သဘာဝဘေးဒဏ်ခံစားရချိန်တွင် လိုအပ်သော ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို ပြည်သူများလက်ဝယ် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှု မဖြစ်စေရေးအတွက် ဘေးသင့်ဒေသနှင့် အနီးစပ်ဆုံးနေရာမှ အမြန်ဆုံးထောက်ပံ့နိုင်ရေး ရည်ရွယ်၍ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများကို ဇဟိုသိုလှောင်ရုံများတည်ရှိရာ ရန်ကုန်မြို့၊ မန္တလေးမြို့များအပြင် တိုင်းဒေသကြီး၊ ပြည်နယ်/ ခရိုင်မြို့များတွင် သိုလှောင်ရုံ စုစုပေါင်း ၃၆ ရုံရှိကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါ်နီလာထွန်းက ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ အာစီစီခန်းမ၌ ဇူလိုင် ၂၁ ရက်က ပြုလုပ်သော သိုလှောင်ရုံထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ သိုလှောင်ရုံများမှ သဘာဝဘေးဒဏ်ခံစားရသည့် ပြည်သူများ လတ်တလော စားဝတ်နေရေး ပြေလည်စေရေးနှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးအပြင် ယာယီမိုးကာတဲ၊ မိုးကာလိပ်၊ သွပ်ပြားတို့ကို အသင့်သိုလှောင်ထားရှိကြောင်း၊ ရက် ၁၀၀ စီမံချက်တွင် အရေးပေါ် လတ်တလောအသုံးပြုနိုင်ရန် ပစ္စည်း ၁၃ မျိုး ထပ်တိုးဆောင်ရွက်လျက်ရှိခြင်းကြောင့် သိုလှောင်ရုံထိန်းသိမ်းမှုအပိုင်းတွင် ချွတ်ယွင်းမှု၊ လစ်ဟာမှုများ မဖြစ်ရအောင် သိုလှောင်ရုံထိန်းသိမ်းခြင်း နည်းစနစ် အခြေခံကျကျသိရှိမှသာ ကယ်ဆယ်ရေးပစ္စည်းများ ပျက်စီးလေလွင့်မှုမရှိအောင် စနစ်တကျ ထားသိုတတ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချခြင်း ဖြစ်ကြောင်း သိရသည်။

UNICEF Myanmar နှင့် ပူးပေါင်းဆောင်ရွက်သည့် Multi Year Work Plan အရ ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးပါဝင်သော Family Kid ၄၇၆ စုံကို ဝယ်ယူသိုလှောင်ထားရှိပြီး သဘာဝဘေးဖြစ်ပွားသည့်အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးများအတွက် UNICEF ၊ UNHCR ၊ WFP ၊ MRCS နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ သုံးရက်သင်တန်း ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလအတွင်း သိုလှောင်ရုံများသို့ သွားရောက်၍ လက်တွေ့သင်ခန်းစာများလည်း ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ပညာရေးသုတေသန ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု သဘောတူ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၂၂**

Bureau Vertas Certification Holding SAS.UK ၏ နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေး စီမံခန့်ခွဲမှု စနစ် ISO 9001 : 2008 အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ၊ နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် ဒေသတွင်းတက္ကသိုလ်၊ ကောလိပ်၊ သုတေသနစင်တာများ Professional Society များအကြား ပညာရေး၊ သုတေသန ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူ လက်မှတ်ရေးထိုးပွဲနှင့် တက္ကသိုလ်ဖွံ့ဖြိုးရေး အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက နည်းပညာတက္ကသိုလ်(မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားတွင် Bureau Vertas Certification Holding SAS.UK ကိုယ်စား ဦးမင်းထွဋ်က ISO 9001 : 2008 လက်မှတ်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ISO 9001 : 2008 လက်မှတ်ကို ပေးအပ်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ ဆင့်စိုးက လက်ခံရယူသည်။

ဆက်လက်၍ ဒေသတွင်းတက္ကသိုလ်၊ ကောလိပ်များ၊ သုတေသနစင်တာများ၊ Professional Society များအကြား နည်းပညာနယ်ပယ်၊ သုတေသနနယ်ပယ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီမှု လက်မှတ်ရေးထိုးကြသည်။ **(အောက်ပုံ)**

ထို့နောက် နည်းပညာတက္ကသိုလ်(မန္တလေး)၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရန်ပုံငွေ ပေးအပ်ကြရာ မန္တလေး စက်မှုလက်မှုသိပ္ပံကျောင်း Second Bath Mechanical ကျောင်းသားဟောင်း ဦးမောင်ဝင်းက အလှူငွေ ကျပ်သိန်း၅၀၀၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (ရန်ကုန်)၊ အထွေထွေအတွင်းရေးမှူး ချင်းတွင်းကောလိပ်ဥက္ကဋ္ဌ ဦးတင်လတ်က ငွေကျပ်သိန်း ၁၀၀၊ ဒေါက်တာ ကျော်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်သန်း(မန်းမြေရာဇာ ကုမ္ပဏီလီမိတက်)နှင့် မန်းမြင့်မိုရ်ဟိန်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ထွေးတို့က အလှူငွေကျပ်သိန်း ၅၀ စီ၊ စေတနာရှင်များ နည်းပညာတက္ကသိုလ်(မန္တလေး) ကျောင်းသားဟောင်းများ၊ လက်ရှိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူဟောင်းများက ငွေကျပ်သိန်း ၄၀၊ မြန်မာနိုင်ငံ AGTI Society အသင်းဥက္ကဋ္ဌ၊ အထက်မြန်မာပြည် AGTI Society အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ အင်ဂျင်နီယာမှူးကြီး (ငြိမ်း)နှင့် ဇနီးတို့နှင့် ဦးလှမျိုးထိုက်နှင့် ဇနီး ဒေါ်ဝေဖြိုးတင့် (ဝေထိုက်အောင် Co.,Ltd.)တို့က ငွေကျပ် ၂၅ သိန်းစီ၊ ကျန်အလှူရှင်များ လှူဒါန်းသော အလှူငွေများကို တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးသစ်(ခ) ဦးပါလေးနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြပြီး အလှူရှင်များနှင့် ကူညီပံ့ပိုးသူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# Revenue နှင့် စက်မှုအလင်းဂျာနယ်တို့ ထွက်ရှိ







**နေပြည်တော် ဇူလိုင် ၂၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ဇူလိုင်လထုတ် Revenue ဂျာနယ်နှင့် စက်မှုဝန်ကြီးဌာနက ထုတ်ဝေသည့် ဇူလိုင်လအတွက် စက်မှုအလင်း ဂျာနယ်တို့ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

Revenue ဂျာနယ်တွင် သူလိုင်၏ ဦးစော ဘာကြောင့် ဗိုလ်ချုပ်တို့ကို သတ်တာလဲ၊ အရည်ကျိုနှင့် ပြည်တွင်းအခွန်၊ သုတအောင် ရေးသည့် မောင်ခေတ်ထွန်း၏ ဟံသာဝတီ၊ သူရိယ၊ မြန်မာ့အလင်းသတင်းစာ၊ ရဲသွေးနီ၏ ဘဝရဲ့ ဒဿနစာစုများ (၃၇)၊ တာဝန်ခံ အယ်ဒီတာတစ်ဦးရေးသည့် ဆရာ ဦးသိန်းဖေမြင့်၏ သိန်းနေနွယ်ကလောင်ဖြင့် ရေးသားခဲ့သော ဆွေးပင်လယ်ဝေ စသည့် ဆောင်းပါးများ၊ ပြည်စိုးထွန်း၏ တွယ်တာရသည့် သံယောဇဉ်၊ ကျော်မြင့်(မြောင်းမြ)၏ အမေ့ရဲ့အနမ်း ဝတ္ထုတိုများ၊ ကာတွန်းများ၊ ကဗျာများအပါအဝင် ဖတ်စရာမှတ်စရာများ စုံလင်စွာပါရှိသည်။

စက်မှုအလင်းဂျာနယ်တွင် ၂၀၁၆ ခုနှစ် ဇွန်လအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရွေးချယ်သည့် ချီးကျူးဂုဏ်ပြုထိုက်သူ ထူးချွန်လူငယ် မနော်ဒါးခူ ၊ ပြည်တွင်းဘိလပ်မြေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် တစ်ရက် တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံ ကျောက်ဆည်စက်မှုနယ်မြေတွင် ဖွင့်လှစ်၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရေး ဆုံးဖြတ်ရာတွင်၊ သင်ဒါတွေ သိပြီးပြီလား၊ အမျိုးသားနှင့် ဆီးကျိတ်၊ မြန်မာနိုင်ငံသည် အမှိုက်ပုံ မဟုတ်သလို အစမ်းသပ်ခံလူသားများလည်းမဟုတ်ပါ၊ ခရီးသွားချိန်မှာ မိမိတို့ရဲ့ဖုန်းကို လုံခြုံစွာ ရှိစေနိုင်မယ့် နည်းလမ်း(၇)သွယ် စသည့် သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသများ ပါရှိသည်။

**(မြန်မာ့အလင်း)**

# ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင် တည်ဆောက်ပြီး၍ ကျောင်းသား ကျောင်းသူများ စတင်သင်ကြား

**ပလောက် ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၃)ရပ်ကွက် ဖိုးပြန်ကုန်း၌ အလျားပေ ၅၀၊ အနံပေ ၃၀ ဖြင့် ခနိမိုး၊ ဝါးကာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင် တည်ဆောက်ခဲ့ရာ ဇူလိုင် ၂၀ ရက်က တည်ဆောက်မှု ပြီးစီး၍ ကျောင်းသား ကျောင်းသူများ စတင်ပညာသင်ကြားလျက်ရှိသည်။ **(ယာပုံ)**

ပလောက်မြို့ အမှတ်(၃)ရပ်ကွက် ဖိုးပြန်ကုန်း၌ အိမ်ခြေ ၃၀ ရှိပြီး လူဦးရေ ၁၆၃ ဦးရှိ၍ ရပ်ကွက်နေ ကျောင်းသား ကျောင်းသူများ နှစ်မိုင်ခန့်ကွာဝေးသော အမှတ်(၁)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ အမှတ်(၁)ရပ်ကွက် မူလတန်းလွန် ကျောင်းသို့လည်းကောင်း ခြေကျင်ဖြင့် သွားရောက်ပညာသင်ကြားရပြီး မိုးရာသီတွင် ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် သွားလာရေး အခက်အခဲရှိပြီး လူပြတ်သော နေရာများကို ဖြတ်သန်းသွားလာရသဖြင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်ကြီးသောကြောင့် အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစီး၍ ဇူလိုင် ၃ ရက်က စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင် တည်ဆောက်မှုပြီးစီး၍ အမှတ်(၁)ရပ်ကွက် မူလတန်းလွန်ကျောင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို ယင်းကျောင်းသို့ ပြောင်းရွှေ့ကာ ဇူလိုင် ၂၀ ရက်ကစ၍ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၉ ဦးတို့ကို ဆရာမ သုံးဦးဖြင့် စတင် ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြန်မာခရီးသွားလုပ်ငန်းမြေပုံ အခမဲ့စတင်ဖြန့်ချိ

နေပြည်တော် ဇူလိုင် ၂၂

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ထုတ်ဝေသော မြန်မာခရီးသွားလုပ်ငန်းမြေပုံများကို ဖြန့်ချိပေးနေပြီဖြစ်သည်။**

Tourist Maps of Myanmar (TMM-59) တွင် မြန်မာနိုင်ငံမြေပုံ၊ ရန်ကုန်မြို့မြေပုံ၊ မန္တလေးမြို့မြေပုံ၊ ပုဂံမြို့မြေပုံ၊ နေပြည်တော်မြေပုံ၊ ဘားအံနှင့် ကမ်းခြေမြေပုံများ စိတ်ဝင်စားဖွယ်ရာ လမ်းညွှန်များကို တစ်ရှက်တည်းနှင့် သယ်ဆောင်ရလွယ်ကူအောင် မွမ်းမံ ထည့်သွင်းထားသည်။ ခရီးသွားဧည့်သည်များသည် အချိန်တိုအတွင်း၌ မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ်နေရာများကို လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ရန်ကုန်လေဆိပ်တွင် ဧည့်သည်တိုင်းသို့ အခမဲ့ဝေငှပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နိုင်ငံတကာတွင် ကျင်းပလျက်ရှိသည့် Travel Show များသို့ လည်းကောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးများသို့လည်းကောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများသို့လည်းကောင်း စနစ်တကျ ပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ အဓိက ခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးလေဆိပ်၊ ပုဂံ၊ ညောင်ဦးလေဆိပ်များ၌ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိပြီး ရန်ကုန်ရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင်လည်း ထားရှိပေးလျက်ရှိသည်။

အဆိုပါ လမ်းညွှန်မြေပုံများ၏ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင် လည်းကောင်း၊ ၃၅ လမ်း(အလယ်ဘလောက်)ရှိ (D.P.S)တွင် လည်းကောင်း Facebook မှ မှာကြား၍သော်လည်းကောင်း အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ကျောင်းသား ကျောင်းသူများအား ထိုးနှံပေး

**ဝါးခယ်မ ဇူလိုင် ၂၂**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) သင်္ဂဟမေတ္တာအလှူဒါန(ဝါးခယ်မ)က ဝါးခယ်မမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်က တာဝန်ရှိသူများက အခြေခံပညာကျောင်းများသို့ လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) သင်္ဂဟမေတ္တာ အလှူဒါန(ဝါးခယ်မ)က ကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ်(ဒုတိယနှစ်)အနေဖြင့် ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ အသည်းရောင်အသားဝါရောဂါ ကျဆင်းပပျောက်စေရေးအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းကို မူလွန် သံကြိုးတိုင်(တိုးချဲ့)၊ အမက သံကြိုးတိုင်၊ အမက ကျုံပေါက်၊ အထက (ခွဲ) ရွာသစ်၊ အမက ခမောက်စု၊ အမက ဘုရားကြီးလမ်း၊ အမက တရုတ်တန်း၊ အမက တာဝတိံသာ၊ မူလွန် လေ့ကျင့်ကျောင်းများမှ ပထမတန်း ကျောင်းသား ကျောင်းသူများကို ဘီပိုးကာကွယ်ဆေး အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှိုမ်းသီဟ(ဝါးခယ်မ)**

# မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇူလိုင် ၂၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၆၁ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျောက်မဲမြို့တွင် ၁ ဒသမ ၉၉ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၆၂ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ အမ်းမြို့ တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ရွှေဆွဲကြိုးလုယူထွက်ပြေးသူအား မိနစ်ပိုင်းအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြို့ သာကေတမြို့နယ်နေ မညိမ်းညိမ်းအိသည် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီခန့်က ၄င်းဈေးရောင်းချသည့် အာလူးကြော်များယူရန်အတွက် လမ်းမတော်မြို့နယ် (၁၂) ရပ်ကွက် ဘုန်းကြီးလမ်းရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ သွားရောက်စဉ် ဘုန်းတော်ကြီးကျောင်းရှေ့အရောက် အမျိုးသားတစ်ဦးက နောက်မှနေ၍ ၄င်း၏ လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုးကို လုယူထွက်ပြေးသွား၍ အော်ဟစ်အကူအညီတောင်းသဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် လှည့်ကင်း မော်တော်ယာဉ်တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ဆွဲကြိုးဖြတ်လုယူထွက်ပြေးသူအား နံနက် ၁၀ နာရီ ၅ မိနစ်ခန့်တွင် ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်လမ်းထောင့်၌ သက်သေခံ ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ပြောင်ကြီး(ခ) မျိုးမင်းထွဋ် (၂၅ နှစ်) **(ယာပုံ)** အား လမ်းမတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယို ဂူတာရက်စ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ရေပန်းစားနေ



**ဂျီနီဗာ ဇူလိုင် ၂၂**

ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယို ဂူတာရက်စ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ရန် ရှေ့တန်းမှပြေးကာ ရေပန်း စားနေသူဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဇူလိုင် ၂၁ ရက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပါဝင်ယှဉ်ပြိုင်မည့်သူ ၁၂ ဦး အတွက် ပထမဆုံး တံခါးပိတ်မဲပေးစနစ်ကို ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် ယှဉ်ပြိုင်မည့်သူ တစ်ဦးချင်းစီအတွက် “ကြိုက်” “မကြိုက်” “မရွေးချယ်” စသည့်မဲများကို ပေးနိုင်ကြောင်း သိရသည်။ ခိုင်လုံသော သတင်း ရင်းမြစ်များအရ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဂူတာရက်စ်သည် ကြိုက်မဲ ၁၂ မဲ၊ မကြိုက် မဲမရှိဖြင့် ရှေ့ဆုံးမှပြေးနေကြောင်း သိရသည်။

ဆလိုဗေးနီးယားနိုင်ငံ သမ္မတ ဒန်နီလို တက်ခ်က ကြိုက်မဲ ၁၁မဲ၊ မကြိုက်မဲ ၂မဲဖြင့် ဒုတိယနေရာရရှိခဲ့ပြီး၊ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အီရီနာ ဘိုကိုဗာနှင့် အခြားနှစ်ဦးတို့သည် တတိယနေရာရရှိခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မကြာသေးမီကာလအတွင်း ဒုတိယမြောက် ဆန္ဒမဲပေးမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော ဘန်ကီ မွန်း၏ ဒုတိယမြောက် ငါးနှစ်တာ သက်တမ်းသည် ၂၀၁၆ အကုန်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# တရုတ်နိုင်ငံ မြောက်မှတောင်သို့ ဖောက်လုပ်ထားသော အမျိုးသားအမြန်လမ်းမကြီး ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့

**ပေကျင်း ဇူလိုင် ၂၂**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ရန်စီမြစ် တမံကျိုးပေါက်မှုဖြစ်ပွားပြီးနောက် မြောက်မှတောင်သို့ ဆက်သွယ်ဖောက်လုပ်ထားသော အမျိုးသားအဝေးပြေးလမ်းတစ်နေရာတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမျိုးသားအဝေးပြေးလမ်း မိုင်တိုင် ၁၀၇ နေရာ၏ ဘေလီတံတားအနီးတစ်ဝိုက် လမ်းပိုင်းတွင် ရေများဖုံးလွှမ်းနေမှုကြောင့် ယာဉ်များသွားလာရေးအခက်တွေ့လျက်ရှိကြောင်း သိရသည်။

အမျိုးသားအဝေးပြေးလမ်း မိုင်တိုင် ၁၀၇ သည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံ၏ အဖွံ့ဖြိုးဆုံးမြို့များဖြစ်သော ပေကျင်းနှင့် ရှန်ကျန်တို့ကို ဆက်သွယ်ထားကြောင်း သိရသည်။

ရဲတပ်ဖွဲ့သည် ဒေသခံများကို ပြန်လည်နေရာချထားရေးများဆောင်ရွက်ခဲ့ပြီး အမျိုးသား အမြန်လမ်းမကြီး ရေကြီးမှုများမှ တားဆီးရန်အတွက် တာတမံများကိုလည်း အားသွန်ခွန်စိုက် ကြိုးစားတည်ဆောက်နေကြောင်းသိရသည်။ သေဆုံးသူတစ်စုံတစ်ရာမရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရီယိုအိုလံပစ်အားကစားပြိုင်ပွဲအတွင်း အကြမ်းဖက်မှုပြုလုပ်ရန် သံသယရှိမှုဖြင့် ဘရာဇီးရဲများက လူ ၁၀ ဦးကိုဖမ်းဆီး




**ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၂**

ဘရာဇီးရဲများသည် ရီယိုဒီဂျနေးရိုး အိုလံပစ် အားကစားပြိုင်ပွဲအတွင်း အကြမ်းဖက်လုပ်ရပ်ပြုလုပ်ရန် အကွက်ချကြံစည်မှုဖြင့် သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးခဲ့ပြီး၊ အခြားနှစ်ဦးကိုလည်း ဆက်လက် ရှာဖွေလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဇူလိုင် ၂၂ ရက်က ဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံသား ၁၀ ဦးသည် ၄င်းတို့၏ ကြံစည်မှုကို မက်ဆေ့ချ်အက်ပ်များမှတစ်ဆင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း တရားရေးဝန်ကြီး အလက်ဇန္ဒြာဒီ မိုရေးကသတင်းထောက်များကို ဇူလိုင် ၂၁ ရက်က ပြောခဲ့သည်။

ဘရာဇီးရဲများသည် ၄င်းအဖွဲ့၏ အွန်လိုင်းသဲလွန်စကို ဧပြီလကတည်းက လေ့လာမှုများ အဆက်မပြတ်ပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။

အကြမ်းဖက်မှုပြုလုပ်ရန်ကြံစည်သူများသည် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွသစ္စာခံအဖွဲ့များဖြစ်သည်ဟု သိရသည်။

ထို့အပြင် ၄င်းတို့သည် ပါရာဂွေးမှ စစ်လက်နက်များကို ဝယ်ယူပြီး ပြင်သစ်တောင်ဘက်မြို့တော် နိစ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ကြသည်။

ရဲတပ်ဖွဲ့က ၄င်းအဖွဲ့၏ စမတ်ဖုန်းနှင့် ကိုယ်ပိုင်ကွန်ပျူတာများကို သိမ်းဆည်းခဲ့ပြီး အခြားသံသယရှိသူနှစ်ဦးကိုလည်း ဆက်လက် ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိနိုင်သည်ဟု ယူဆရသူ လူ ၁၀၀ ခန့်ကိုလည်း ပါရာဂွေးနှင့် အာဂျင်တီးနားနယ်စပ်အနီးတွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ဘရာဇီးမီဒီယာအဖွဲ့က သက်ဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့ကြသည်။

ရီယို အိုလံပစ်အားကစားပြိုင်ပွဲသည် လာမည့် ဩဂုတ် ၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဘရာဇီးရဲများသည် လုံခြုံရေးတပ်လှန့်မှုများ မြှင့်တင်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**




# တူရကီတပ်မတော်ကို ပြန်လည်ဖွဲ့စည်းမည်ဟု

## အာဒိုဂန်ပြောကြား

**အန်ကာရာ ဇူလိုင် ၂၂**

တူရကီတွင် အာဏာသိမ်းမှုမအောင်မြင်ဖြစ်ပြီးနောက် တူရကီတပ်မတော်ကို အသစ်ပြန်လည်ဖွဲ့စည်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတ ရီဆက်ပ် တေရစ်အာဒိုဂန်က ဇူလိုင် ၂၁ရက်တွင် ပြောကြားခဲ့သည်။

တူရကီတပ်မတော်တွင် သွေးသစ်သွန်းလောင်းမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း အန်ကာရာ ရုပ်မြင်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် သမ္မတ အာဒိုဂန်ကပြောကြားခဲ့သည်။ ဇူလိုင် ၁၅ ရက်က အာဏာသိမ်းမှုမအောင်မြင်ခြင်း၏ ထင်ရှားသောပျော့ကွက်များကို သမ္မတ အာဒိုဂန်က ထောက်ပြခဲ့သည်။

ထို့အပြင် သမ္မတအာဒိုဂန်က ထောက်လှမ်းရေးအဖွဲ့အကြီးအကဲကို ဇူလိုင် ၁၅ရက် ညပိုင်းကဆက်သွယ်မှုမရခဲ့ကြောင်းနှင့် ဝန်ကြီးချုပ်ကို ခဲရာခဲဆစ် ဆက်သွယ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ တပ်မတော်သည် ယခုကိစ္စတွင် သင်ခန်းစာကောင်းကောင်းယူသင့်ကြောင်း ၄င်းကပြောခဲ့သည်။ နောက်ထပ်အာဏာသိမ်းမှုများ ဖြစ်ပေါ်လာနိုင်သေးကြောင်း၊ သို့သော်လည်း ယခုကဲ့သို့ မလွယ်ကူတော့ကြောင်း၊ ပို၍သတိဝီရိယရှိနေပြီဖြစ်ကြောင်းဖြင့် သမ္မတက ပြောကြားခဲ့သည်။


အာဏာသိမ်းမှုဖြစ်စဉ်တွင် လူပေါင်း ၁၀၄၀၀ကို ထိန်းသိမ်းခဲ့ပြီး ၄၀၆၀ကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ဖမ်းဆီးခံထားရသူများထဲမှ လူ ၁၀၀ခန့်မှာ ဗိုလ်ချုပ်များဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အန်းထရပ် စိန်မြို့တော်ဆီမှ လက်မှုအတတ်ပညာ

**စေ့စပ်လက်စွပ်ကနေ ခမ်းခမ်းနားနားလက်ဝတ်ရတနာတွေအထိရရှိနိုင်သောစိန်နယ်ပယ်ဟုခေါ်ဆိုနိုင်သည့် ဘယ်လ်ဂျီယံမြောက်ပိုင်းမြို့တော်အန်းထရပ်သည် ဥရောပရှိထိပ်တန်းစိန်ထည်များရောင်းချရာ ဆိုင်ခန်းများရှိသည့် မြို့တော်တစ်ခုဖြစ်သည်။**





ယခုခေတ်လူအများစုသည် အရာဝတ္ထုပစ္စည်းများကို အရောင်းပြခန်းများမှဝယ်ယူလာ ကြသည်။ ထို့ကြောင့်ယခုအချိန်ထိအောင် ပစ္စည်းအားလုံးကို လက်မှုပညာဖြင့် ဖန်တီးပုံဖော်သည်ဟု ရှုဒီယမ်လက်ဝတ်ရတနာကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သူ မိုက်ရှန်ဘောက်ကပြောသည်။

ရှန်ဘောက်သည်ဖခင်ထံမှ ကုမ္ပဏီကိုအမွေဆက်ခံခြင်းဖြစ်ပြီး အဆိုပါကုမ္ပဏီသည် စိန်လက်ဝတ်ရတနာကုန်သည်မျိုးဆက်နှစ်ဆက်ကိုကိုယ်စားပြုသည်။ အန်းထရပ်မြို့လယ်ကောင်တွင်တည်ရှိပြီး သက်တမ်း ၃၅ နှစ်ကျော်ကြာမျှ စိန်ထည်အရောင်းဌာနအဖြစ် ရှိနေသည်။

ကုမ္ပဏီ၏ဆောင်ပုဒ်မှာ ရိုးရိုးရှင်းရှင်းပင်ဖြစ်သည်။ ဖောက်သည်များအလိုရှိသည့်အတိုင်း အရည်အသွေးပြည့်မီစေရန် ပစ္စည်းတိုင်းကိုလက်မှုပညာဖြင့် ဖန်တီးပေးသည်ဟု ရှန်ဘောက်က ဆိုသည်။ လက်စွပ်တစ်ကွင်းကို ပုံဖော်ရာ၌ပင်ဖြစ်စေ အရာရာတိုင်းကို သတ္တုနှင့်ပင် စတင်ပြုလုပ်ရသည်ဟုဆိုသည်။ “ကုန်ကျစရိတ်ကို တွက်ချက်ပြီး ဖောက်သည်တွေ ရွေးချယ်ထားတဲ့အကြမ်းထည်ကို သူတို့တောင်းဆိုတဲ့အတိုင်း လိုအပ်သလို ပုံဖော်ပေးရတာပါ” ဟု ၎င်းကပြောသည်။

၎င်း၏ရတနာပြခန်းမ၌ ဝယ်ယူသူများသည်လက်ရှိပြုလုပ်ထားပြီးသည့်ပုံစံများထဲမှ ဝယ်သူတို့ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်သည်။ ထို့ပြင်ရယူလိုသည့်ပုံစံနှင့်ညှိနှိုင်းပြီး လိုချင်သည့် စိတ်ကူးပုံစံအတိုင်းလည်း ရရှိနိုင်ကြောင်း သိရသည်။ သို့သော်လည်းအရည်အသွေးအစစ်အမှန်နှင့် လက်မှုပညာစစ်စစ်ကိုတန်ဖိုးထားသော ကုမ္ပဏီအများစုအနေဖြင့် စိန်ထည် ဈေးကွက်ယှဉ်ပြိုင်မှုတွင်ဖိအားများရှိနေကြောင်း သိရသည်။ တချို့လုပ်ငန်းများသည် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများကို စက်ပစ္စည်းများအသုံးပြု၍ စတင်ထုတ်လုပ်နေကြသဖြင့် အရည်အသွေးမြင့် ထုတ်ကုန်များကို ဈေးချိုချိုနှင့် ထုတ်လုပ်လာနိုင်ကြသည်။

ယင်းနည်းလမ်းအတိုင်း ထုတ်လုပ်နေကြမည်ဆိုလျှင် ပစ္စည်းများပေါ်၌ မရိုးမသားနည်းများ စတင်သုံးလာနိုင်ကြသဖြင့် ၎င်းအနေဖြင့်ကုမ္ပဏီကို ပိတ်လိုက်ဖို့သာရှိကြောင်း ရှန်ဘောက်ကသူ၏အခက်အခဲကိုရှင်းပြသည်။ ရှန်ဘောက်၏လုပ်ငန်းသည် စိန်နှင့်ပတ်သက်သည့် လုပ်ငန်းပေါင်းစုံဖြန့်ကြက်ထားသည်။ ကုမ္ပဏီပေါင်း ၂၃၀၀ အနက် တစ်ခုအပါအဝင်ဖြစ်သည်။

တစ်ကမ္ဘာလုံးစိန်ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်သည် အန်းထရပ်မြို့မှပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် diamond exchanges ၃၀ ရှိသည့်အနက် အဆိုပါမြို့သည် လဲလှယ်ရေးနေရာလေးခုရှိသည့်တစ်ခုတည်းသောမြို့ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့စိန်အကြမ်းထည်ကုန်သွယ်မှု၏ ၈၄ ရာခိုင်နှုန်းရှိသောနေရာဖြစ်ပြီး ပုံဖော်ပြုပြင်ပြီးသော စိန်ကုန်သွယ်မှု၏ ၅၀ ရာခိုင်နှုန်းရှိရာနေရာလည်းဖြစ်သည်။



**စိန်တစ်လုံးကို အကဲဖြတ်မည်ဆိုလျှင် အရည်အသွေးလေးမျိုးရှိရမည်ဖြစ်သည်ဟု ဆိုကြသည်။ ပထမတစ်ချက်မှာ အလေးချိန်ဖြစ်သည်။ တစ်ကာရက်လျှင် ၀ ဒသမ ၂ ဂရမ်ရှိသည်။ ဒုတိယနှင့်ကျန်အချက်များမှာ အရောင်၊ အဖြတ်အတောက်နှင့် သေသပ်မှုဖြစ်သည်။ လက်ရာကိုကြည့်၍ သေသပ်မှုကိုဆုံးဖြတ်နိုင်သည်**

အန်းထရပ်ကမ္ဘာ့စိန်များစင်တာ (AWDC) သည် တရားဝင်ရပ်တည်လျက်ရှိပြီး အန်းထရပ်စိန်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းစင်တာသည် အန်းထရပ်မြို့အတွင်းအပြင်ရှိ စိန်များစီးဆင်းရာအကြီးဆုံးပို့ကုန်သွင်းကုန် ပင်မရေစီးကြောင်း နေရာလည်းဖြစ်သည်။

စိန်တစ်လုံးကိုအကဲဖြတ်မည်ဆိုလျှင် အရည်အသွေးလေးမျိုးရှိရမည်ဖြစ်သည်ဟု ဆိုကြသည်။ ပထမတစ်ချက်မှာ အလေးချိန်ဖြစ်သည်။ တစ်ကာရက်လျှင် ၀ ဒသမ ၂ ဂရမ်ရှိသည်။ ဒုတိယနှင့်ကျန်အချက်များမှာ အရောင်၊ အဖြတ်အတောက်နှင့် သေသပ်မှုဖြစ်သည်။ လက်ရာကိုကြည့်၍ သေသပ်မှုကိုဆုံးဖြတ်နိုင်သည်ဟု AWDC မှ ဘာဘရာကဆင်ဟွာသတင်းဌာန၏မေးမြန်းချက်ကို ဖြေကြားသည်။

အပြီးသတ်ပုံပေါ်သည့်အဆင့်ကိုရောက်ရှိရန် စိန်များကို အကြမ်းထည်အဆင့်မှ အဆင့်ဆင့်သွေးရသည်ဖြစ်ကြောင်း၊ ဒီဇိုင်နာပုံဖော်သူများနှင့် စိန်သွေးကျွမ်းကျင်သူများသည် တိကျသည့်ပုံစံရရှိသည်အထိ ချိန်ဆပုံဖော်သွေးယူကြရကြောင်း သိရသည်။

တတိယမျိုးဆက်သစ် စိန်သွေးသူတစ်ဦးဖြစ်သော ပီတာဘွန်းဘိတ်က မကြာသေးမီက 'dragon cut' ဟုခေါ်သောစိန်သွေးနည်းတစ်မျိုးကို စတင်မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါနည်းသည် တရုတ်လူမျိုးများ၏ ကံကောင်းစေသော ကိန်းဂဏန်းရှစ်ကိုအခြေခံထား၍ စိန်တစ်လုံးလျှင် မှန်ကူကွက် ၆၄ မျက်နှာစာပါရှိသောနည်းလမ်းဖြစ်ကြောင်း သိရသည်။

“တောက်ပသည်ထက်တောက်ပအောင် တကယ်သွေးပြီးပုံဖော်မယ်ဆိုရင် နှစ်လကြာတယ်။ အဲဒီလို မှန်ကူကွက်မျက်နှာစာတွေရဖို့ ပိုပြီးအနုစိတ်ရတယ်။ အဲဒါမှ နဂိုထက်ပိုပြီး အရောင်ထွက်စေတာ”ဟု ဘွန်းဘိတ်က ဆိုသည်။

ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းများထွန်းကားလာလင့်ကစား အန်းထရပ်မြို့ရှိ စိန်ရိုးရာလက်မှုပညာနည်းစနစ်များသည် ကမ္ဘာပေါ်တွင် ဂုဏ်သတင်းကြီးမားနေဦးမည်သာဖြစ်သည်။ ထို့ပြင် စိန်ထည်လက်ဝတ်ရတနာများကို ကြွယ်ဝချမ်းသာခြင်းနှင့် အချစ်၏သင်္ကေတအဖြစ် လူတိုင်းသတ်မှတ်နေသရွေ့ စိန်မြို့တော်၏ အနာဂတ်သည်လည်း တောက်ပနေဦးမည်သာဖြစ်သည်။

**ကိုးကား-ဆင်ဟွာ(၁၇-၇-၂၀၁၆)**

**သက်မွန်ဦး**

# အခိုးခံရသော ဗုဒ္ဓရုပ်ပွားတော်အား ဩစတြေးလျအမျိုးသား ပြခန်းမှဝယ်ယူထားပြီး အိန္ဒိယသို့ပြန်လည်ပို့ဆောင်

**ကန်ဘာရာ ဇူလိုင် ၂၂**

ဩစတြေးလျရှိ ကန်ဘာရာအမျိုးသားပြခန်း (NGA) ၌ ကိန်းဝပ်စံပယ်တော်မူနေသော သက်တမ်းနှစ်ပေါင်း ၁၈၀၀ ရှိသည့် ဗုဒ္ဓရုပ်ပွားတော်အား အိန္ဒိယနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်။ ရုပ်ပွားတော်မှာ ရှေးဟောင်းပစ္စည်းတရားမဝင် မှောင်ခိုသယ်ယူပို့ဆောင်သူများထံမှ တွေ့ရှိဝယ်ယူခဲ့ခြင်းဖြစ်သည်။

နှစ်ရာစုအတွင်းမှ ရုပ်ပွားတော်သည် ၁ ဒသမ ၃ မီတာအမြင့်ရှိပြီး အာရှလက်မှုပညာရှင် နန်စီဝိုင်နာထံမှ သန်းကြွယ်သူဌေးရော့စ်ပါကာက ၂၀၀၇ ခုနှစ်တွင် NGA ကိုယ်စားဝယ်ယူခဲ့ခြင်းဖြစ်သည်။ NGA ဝန်ထမ်းများသည် ဝိုင်နာအနေဖြင့် ရှေးဟောင်းပစ္စည်းအား မည်ကဲ့သို့ပိုင်ဆိုင်ခဲ့သည်ဆိုသည်ကို မသိဘဲ ရိုးရိုးသားသားလက်ခံခဲ့ခြင်းဖြစ်ကြောင်း အချက်အလက်များ ထုတ်ပြန်ထားသည်။ အမှန်မှာ အိန္ဒိယနိုင်ငံဥတ္တရပရာဒေ့ရှ်ပြည်နယ် မထူရာရှေးဟောင်းသုတေသနနယ်မြေမှ ခိုးယူခံခဲ့ရခြင်းဖြစ်ကြောင်း မသိရှိခဲ့ဟု ဖော်ပြထားသည်။

စက်တင်ဘာလတွင် ကျင်းပမည့်အိန္ဒိယယဉ်ကျေးမှုပွဲတော်အတွက် ဩစတြေးလျသို့ အိန္ဒိယအစိုးရဌာနဆိုင်ရာများ လာရောက်လျှင် ရုပ်ပွားတော်အား လွှဲပြောင်းပေးအပ်သွားဖွယ်ရာရှိကြောင်း NGA ညွှန်ကြားရေးမှူး ဂါရတ်ဗော့ဂန်က သောကြာနေ့တွင် သတင်းဌာနများသို့ ပြောကြားခဲ့သည်။



“စက်တင်ဘာလမှာ အဆင့်မြင့်ကိုယ်စားလှယ်တွေလာရောက်တဲ့အခါ လွှဲပြောင်းဖို့ အတွက် စုံစမ်းမှုတွေပြုလုပ်သွားမှာပါ” ဟု ဗော့ဂန်က ပြောသည်။ ၎င်းတို့ပိုင်ဆိုင်သည့်အရာ မဟုတ်သည့်အတွက် အိန္ဒိယသို့ပြန်လည်ပို့ဆောင်ရေးအတွက် အိန္ဒိယနှင့် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**


# ရွှေကျင်မြို့နယ် အရှေ့ရိုးမတောင်တန်း ဗိုက်ကြီးမတောင်၏ တောထူထပ်ရာဒေသ၌ ကြံ့ဆင်သတ္တဝါ နှစ်စဉ် တစ်လခန့် လာရောက်လှည့်လည်နေထိုင်လျက်ရှိသည်ကို ဒေသခံများတွေ့ဟုဆို

**သတင်း-ပိန်းဇလုပ်သိန်းညွှန့်၊ ဓာတ်ပုံ-WWF**

**ရွှေကျင် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း အရှေ့ရိုးမတောင်တန်းများထဲမှ အလွန်မြင့်မားသော ဗိုက်ကြီးမတောင်၏ တောထူထပ်ရာဒေသ၌ မျိုးသုဉ်းသွားပြီဟု ယူဆထားသော ကြံ့ဆင်ဟုယူဆရသည့် သတ္တဝါသည် နှစ်စဉ် တစ်လခန့် လာရောက်လှည့်လည် နေထိုင်လျက်ရှိကြောင်း ဇူလိုင် ၂၀ ရက်က ရွှေကျင်မြို့နယ် မြောက်ဘက်နှင့် အရှေ့ဘက်ကျေးရွာအချို့မှ ဒေသခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

"ဒီကြံ့တွေ တွေ့တာကြာနေပါပြီ။ ၁၉၉၁-၁၉၉၂ ခုနှစ်လောက်ကတည်းက စတွေ့တာပါ။ စတွေ့တုန်းက ခုနှစ်ကောင်အတိအကျပဲ။ ဒီနှစ်ရွှေကျင်နယ်နိမိတ်အတွင်း ဗိုက်ကြီးမတောင်ရဲ့ အရှေ့ဘက်ချိုင့်ဝှမ်း လျှိုမြောင်စိမ့်စမ်းတောထူထပ်တဲ့နေရာမှာ တစ်ကောင်၊ နောက်တစ်ကောင်က ရွှေကျင်နယ်နိမိတ်အဆုံးနားက တောနက်ထဲမှာ တစ်ကောင် ပေါင်းနှစ်ကောင်ပါ။ ဒီအကောင်တွေဟာ နှစ်တိုင်းလိုလို ဒီတောထဲကို ပြန်လာနေကျပါ။ အဲ့ဒီလို နှစ်စဉ်ပြန်လာပေမယ့်လည်း အကောင်ရေ လျော့ပြီးတွေ့တယ်။ မနှစ်က နှစ်ကုန်ခါနီး ဒီဇင်ဘာမှာ ရောက်လာပြီး ဒီနှစ် ဇန်နဝါရီလ မကုန်ခင်အထိ တွေ့ရသေးတယ်။ ဒီလိုလာတိုင်းလည်း နှစ်စဉ် တစ်လလောက်ပဲနေတယ်။ တစ်လလောက်နေပြီးရင် အရှေ့ရိုးမမှာရှိတဲ့ အခြားတောင်တန်းတောနက်တွေထဲကို လှည့်လည်နေထိုင်သွားလာလျက်ရှိပါတယ်"ဟု တွေ့မြင်ခဲ့ရသူ ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါ ကြံ့ဆင်နှင့်စပ်လျဉ်း၍ ကြံ့ဆင်၏ခြေရာသည် စက်ဝိုင်းပုံရှိကာ နောက်ခြေထောက်ခြေရာမှာ အနည်းငယ်ပိုပြီး ကြက်ဥပုံဆန်ဆန်ရှိသည်။ ခြေချောင်းငယ်များ တို၍ ပြားနေသည်။ ဦးခေါင်းပိုင်းနှင့်ခန္ဓာကိုယ်ပိုင်းအရှည် ၃ ဒသမ ၂ မီတာရှိသည်။ အမြီး ၀ ဒသမ ၇ မီတာရှည်သည်။ ဝက်ကြံ့မျိုးထက် သိသိသာသာ အရွယ်အစားပိုကြီးသည်။ ချိုတစ်ချောင်းရှိသည်။ အလွှာလိုက် ခေါက်တွန့်နေသော အရေပြားအခေါက်ထပ်နေရာ သုံးနေရာရှိသည်။ ပခုံးရှေ့ဘက်တစ်ခု၊ ပခုံးနောက်နေရာတွင် တစ်ခုနှင့် တင်ပါးဆုံပေါ်နေရာ၌ တစ်ခုရှိသည်။ ခန္ဓာကိုယ်အရောင်မှာ မွဲပြာရောင်မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။ များသောအားဖြင့် တစ်ကောင်တည်းသိုသိပ်တိတ်ဆိတ်စွာ နေလေ့ရှိသည်။ သစ်ဥ၊ သစ်ဖု၊ ရွက်နု၊ အညွန့်နှင့် ကြွေကျနေသည့်သစ်သီးများကို စားတတ်သည်။ ရွှံ့ရေအိုင်ထဲတွင် နွံလူး၍ နေခြင်းကို ကြိုက်နှစ်သက်ကြောင်း၊ အမြဲစိမ်းမုတ်သုံသစ်တောများဖုံးအုပ်နေသည့် မြေနိမ့်ပိုင်း ရေနှင့်နီးရာ အရပ်ဒေသများတွင် နေထိုင်လေ့ရှိကြောင်း၊ မြန်မာနိုင်ငံ အရွယ်ကြီးနို့တိုက်သတ္တဝါများ လေ့လာရေး လမ်းညွှန်မှတ်တမ်း၌ ဖော်ပြထားသည့်အချက်အလက်များနှင့် ရွှေကျင်မြို့နယ် ကျေးရွာအချို့မှ မြင်တွေ့ခဲ့ရသူပြည်သူများ၏ ပြောပြချက်တို့မှာ ကိုက်ညီလျက်ရှိကြောင်း သိရသည်။

# လက်ပံတန်းမြို့နယ်၌ ရေကြီးနေ၍ အခြေခံပညာကျောင်းများ ယာယီပိတ်ထား

**လက်ပံတန်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်း၍ မြစ်မခမြစ်ရေတက်ပြီး ကျေးရွာများတွင် ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၂၂ ရက်မှစ၍ ကျောင်းများယာယီပိတ်ထားကြောင်း သိရသည်။

အဆိုပါကျောင်းများမှာ အ.မ.ကငှက်ပျောတော၊ အ.မ.က ကြည်ကုန်း၊မှူလွန်အောင်လံကုန်း(၂)၊ အ.မ.က သလက်ဖက်ပင်ကုန်း၊ အ.မ.က ညောင်ပင်သာ၊ အ.မ.က ချောင်းသုံးခွ၊ အ.မ.က ညောင်ကုန်း(၁)၊ အ.မ.က လယ်တီ၊ အ.မ.က ကျီချောင်း၊ အ.ထ.က ခမုံဆိပ်၊ အ.မ.က တော်လသ အရှေ့စု၊ အ.မ.က ကျောက်အိုင် စုစုပေါင်း ၁၂ ကျောင်းအား ယာယီပိတ်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# အစာအဆိပ်သင့်လူနာများအား အာဟာရပြည့်အစာများကျွေးမွေး



**ဘီးလင်း ဇူလိုင် ၂၂**

ဘီးလင်းမြို့နယ် မုသင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသားကျောင်းသူ ၂၉ ဦးနှင့် ဒေသခံပြည်သူ ခုနစ်ဦးတို့သည် ဇူလိုင် ၂၁ ရက် နံနက်က အစာအဆိပ်သင့်မှု ဖြစ်ပွားရာ ဇုတ်သုတ်စံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ တင်ပို့၍ ဆေးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

အစာအဆိပ်သင့်မှုကြောင့် ဆေးကုသမှုခံယူလျက်ရှိသည့် အဆိုပါလူနာများအား သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒာဝင်း၊ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲတို့က ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ကြက်သားဆန်ပြုတ်၊ ကွေကာအုပ်နှင့် ပေါင်မုန့်များ ကျွေးမွေးလှူဒါန်းခဲ့ပြီး အခြားရောဂါဖြင့် ဆေးကုသမှုခံယူနေသည့် ဆေးရုံတက်လူနာ ၁၈ ဦးကိုလည်း အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဓါပုံ)**

အစာအဆိပ်သင့်သူများသည် မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ကို အတိအကျ မသိရသေးဘဲ သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ စာတမ်းဖတ်ပွဲကျင်းပ

**သဲကုန်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ စာတမ်းဖတ်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းနီလာကြည်က အမှာစကားပြောကြားကာ သဲကုန်း အထကမှ အထက်တန်းပြဆရာမ ဒေါ်သူဇာမြင့်က တွဲဖက်ပါမောက္ခ(မြန်မာစာဌာန) ဒေါက်တာစမ်းစမ်းကြည် ရေးသားပြုစုသော မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များစာတမ်း ဖတ်ကြားခဲ့ပြီး ပရိုဂျက်တာနှင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

SUPER SEAT
အကြီးဆုံး ထိုင်ခုံ
အကျယ်ဝန်းဆုံး နေရာ
အတန်ဆုံး ကားလက်မှတ်ခ
အကောင်းဆုံး ရှစ်ဘီးကားသစ်
ရန်ကုန် - မန္တလေး သွားရင်
ဂျေဂျေ ပဲရွေးစီးမယ် JJ Express
Ph-09 977181230

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၈ဧဟု ခေါ်တွင်သော ပေ(၄၀×၆၀)မြေပေါ်တွင် ကြေးအိုးကြီးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ (၈)ထပ်ခွဲတိုက် ဓာတ်လှေကားပါ စတုတ္ထထပ်(ငါးလွှာ)ခြေရင်းခန်းအား ကြေးအိုးကြီး ဆောက် လုပ်ရေးကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးအောင်ကိုလတ် ၁၄/ဘကလ(နိုင်)၁၄၀၉၇၈က ရောင်းချခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကြီးမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဓာနည်မျိုး(LL.B)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၉၃၃၃၀၂၅၊ ၀၉-၄၂၀၇၀၆၄၂၆
အမှတ် ၈၃၄၊ ဇဋ္ဌိလ ၃လမ်း၊ (၁၆/၁)ရပ်ကွက်
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ကျန်စစ်သား၊ ဦးပိုင်အမှတ် ၅၇ခ၊ ဧရိယာ ၀ဒသမ၀၉၉ ဧကရှိ ဦးမြင့်ရွှေ အမည်ပေါက် နှစ် ၃၀အငှားဂရန် မြေကွက်အား အမည် ဦးမြင့်ရွှေ ၉/တကန(နိုင်) ၀၀၀၆၂၉ (ဘ)ဦးအာဘုကာဒါမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**ပျောက်ဆုံးကြောင်း**

ဦးမင်းအောင်မော် နိုင်ငံကူး လက်မှတ် No-276174 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၂၅၆၁၇၈၄၈၂

**အမည်ပြောင်း**

ဦးတင့်လွင်ဦး ၁၂/မဂဒ(နိုင်)၀၀၂၈၂၇ ၏သမီး မန္တလေးတိုင်း ဒေသကြီး၊ မလှိုင်မြို့ မိသားစုကိုယ်ပိုင် အထက်တန်းဆင့်ပညာသင် ကျောင်းတက္ကသိုလ်ဝင်တန်းမှ မယွန်းရွှေရည်အား မယွန်း အိမ်ရတနာ ၉/ပဗသ(နိုင်)၀၁၇၀၅၉ ဟု ပြောင်းလဲခေါ်ပါရန်။

**CLAIMS DAY NOTICE**

**M.V K.ASIAN BEAUTY VOY: NO (005)**

Consignees of car go carried by M.V K. ASIAN BEAUTY VOY: NO (005) are here by notified that the vessel will arrive on about 25-7-2016 and car go will be discharged into the premises of Yangon port.

Damaged car go will be surveyed daily from (8:00)AM to (11:20)AM and (12:00) NOON to (4:00)PM to claims day now declared as the third day after final discharge of car go from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**ကျေးဇူးဆပ်ပါမည်**

ဦးအိုက်မောင်၏ သား စိုင်းဆိုင်ခမ်းလူ၏ မှတ်ပုံတင် ၉/ခအဇ(နိုင်)၀၀၀၀၃၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၈၀၈၀၈၈၊ ၀၂-၃၁၄၁၆



# ဆိုလာပြားဝိုင်ယာရှော့ခ်မှတစ်ဆင့် နေအိမ် ၂၀ မီးလောင်

**တံတားဦး ဇူလိုင် ၂၂**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် တောင်ပန်းယျကျေးရွာ၌ ယနေ့နံနက် ၉ နာရီက မီးလောင်မှုဖြစ်ပွားရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

တောင်ပန်းယျကျေးရွာနေ ဦးကျော်စိုးမင်း (၃၀ နှစ်)နေအိမ်မှ ဆိုလာမီးအားသွင်းရာမှ အပူလွန်ကဲပြီး နေအိမ်ထရံသို့ မီးလောင်ကျွမ်းကာ အိမ်ခြေ ၂၀ နှင့် နွားစာတဲခြောက်လုံး လောင်ကျွမ်းခဲ့သဖြင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇင်ထွန်း ဦးဆောင်၍ မီးသတ်ယာဉ် စုစုပေါင်း၁၈ စီးဖြင့် ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက်၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးဘေးသင့်ပြည်သူများအား လေသာဘုန်းတော်ကြီးကျောင်းတွင် မီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသွားရောက်၍ မီးဘေးသင့်အိမ်ထောင်စုများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ်၌ ညီအစ်ကိုနှစ်ဦး ငုံးထောင်သွားရာမှ မိုးကြိုးထိမှန်

**ရေနံချောင်း ဇူလိုင် ၂၂**

ရေနံချောင်းမြို့နယ် အရှေ့ကုန်းကျေးရွာအနီး၌ ဇူလိုင် ၂၁ ရက်က အမျိုးသားနှစ်ဦး မိုးကြိုးထိမှန် သေဆုံးခဲ့ကြောင်း အင်တောနယ်မြေရဲစခန်းက သိရသည်။

ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက ရေနံချောင်းမြို့နယ် အရှေ့ကုန်းကျေးရွာအုပ်စု အရှေ့ကုန်းရွာ၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ ဦးဝင်းဘို၏ ပဲခင်းအနီး ထန်းပင်နှင့် ဖက်သန်းပင်အောက်တွင် လူနှစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးနေကြောင်း အရှေ့ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲအောင်၏ ဖုန်းဆက်အကြောင်းကြားချက်အရ အင်တောရဲကင်းစခန်းမှူး ရဲအုပ်သန်းနိုင်ဦးနှင့် အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူများမှာ အရှေ့ကုန်းကျေးရွာနေ ညီအစ်ကိုများဖြစ်ကြသော ကိုသိန်းတန်(၄၉ နှစ်)နှင့် ကိုပြုံးကျော်(၃၉ နှစ်)တို့ဖြစ်ကြပြီး မိုးကြိုးထိမှန်သော လက္ခဏာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ဖြစ်စဉ်အား စုံစမ်းရာ ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီခွဲက ၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် ငုံးထောင်ရန်အတွက် နေအိမ်မှထွက်ခွာသွားကြောင်း၊ ညအချိန်ရောက်သည်အထိ အိမ်ပြန်ရောက်လာခြင်း မရှိသောကြောင့် မိသားစုများနှင့် ရွာသူ ရွာသားများက လိုက်လံရှာဖွေခဲ့ရာ တွေ့ရှိခြင်းမရှိကြောင်း၊ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ထပ်မံရှာဖွေရာ ကျေးရွာ၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ ဦးဝင်းဘို၏ ပဲခင်းအနီး ထန်းပင်နှင့် ဖက်သန်းပင်အောက်တွင် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရပြီး အခင်းဖြစ်နေရာတွင် ဇူလိုင် ၂၁ ရက် ညနေပိုင်းက မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကျောင်းသားနှစ်ဦးစီးနင်းလာသော စက်ဘီးအား ကုန်တင်ယာဉ်ဝင်တိုက်

**ကျောက်တံခါး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင်တွင် ဇူလိုင် ၂၂ ရက် နံနက်က စက်ဘီးကို ကုန်တင်ယာဉ်က ဝင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၄/၅)နှင့် (၁၁၄/၆)အကြား ကွင်းနောက်ရပ်ကွက်အနီးတွင် ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း မျိုးဇင်ကို (၂၀နှစ်) ခလန်းကျေးရွာ နွားထိုးကြီးမြို့နယ်နေသူ မောင်းနှင်းလာသော 9G/---- HINO ၁၂ ဘီးယာဉ်က လားရားတူ ရှေ့မှစက်ဘီး စီးနင်းနေသော တက္ကသိုလ်ဝင်တန်းကျောင်းသူ မသိင်္ဂီထွန်း(၁၉ နှစ်)နှင့် နောက်မှလိုက်ပါလာသူ မောင်ကျော်သီဟထွန်း (၁၂ နှစ်) သတ္တမ တန်းကျောင်းသားတို့၏ စက်ဘီးကို ကျော်တက်စဉ် ပွတ်တိုက် မိသောကြောင့် နှစ်ဦးစလုံးတွင် ဒဏ်ရာများရရှိကာ စက်ဘီးမှာ ပျက်စီးသွားသဖြင့် ယာဉ်မောင်း မျိုးဇင်ကိုအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# လှိုင်သာယာမြို့နယ်၌ တစ်ရက်တည်း လူသတ်မှုနှစ်ခုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဇူလိုင်၂၁ရက်က တစ်ရက်တည်း လူသတ်မှုနှစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၉ နာရီခန့်က အမှတ် (၃) ရပ်ကွက် (၁)ဈေး ဆန်ဆိုင်ရှေ့တွင် ဦးမြင့်ကျော်(၄၇ နှစ်) သမိန်ဗရမ်းလမ်း (၃)ရပ်ကွက်နေသူနှင့် ကိုသဲ(ခ) ထိုက်ထိုက်ထွန်း(၃၀ နှစ်) သမိန်ဗရမ်းလမ်းနေထိုင်သူတို့ လူမှုရေးကိစ္စဖြင့် စကားများရာမှ ကိုသဲ(ခ) ထိုက်ထိုက်ထွန်းက အရိုးအသွား ၁၁ ဒသမ ၃ လက်မရှိ ဓားမြှောင်ဖြင့်ထိုးသဖြင့် ဦးမြင့်ကျော်သည် အခင်းဖြစ်နေရာတွင် သေဆုံးသွားရာ ပြစ်မှုကျူးလွန်သူကို မြို့မရဲစခန်းကအချိန်ပိုင်းအတွင်း လိုက်လံဖမ်းဆီး၍ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ထိုနေ့ ညနေ ၆ နာရီခန့်တွင် မီးခွက်ဈေးအောက်ထပ်အနီး ဂွတ်ဒ်မောနင်းစက်ရုံရှေ့မင်းကြီးမဟာမင်းခေါင်လမ်းပေါ်တွင် ကိုကျော်ထက်(ခ) ကျော်ထက်(၂၂ နှစ်) မင်းကြီးမဟာမင်းခေါင်လမ်း ရွှေသံလွင်ဝင်း ကျူးတဲတွင် နေထိုင်သူနှင့် တေးဥယျာဉ်(၁၅) လမ်း အမှတ်(၇)ရပ်ကွက်တွင် နေထိုင်သူ သန်းထွန်းအောင်(ခ)သီဟကိုကို (၁၇ နှစ်)တို့ စကားများရာက အရိုးအသွား တစ်ပေရှိ ဓားဖြင့်ထိုးသည့်အတွက် သီဟကိုကိုတွင် ဒဏ်ရာရရှိပြီး မြို့နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။

ပြစ်မှုကျူးလွန်သူ ကိုကျော်ထက်(ခ) ကျော်ထက်မှာ ထွက်ပြေးသွားသဖြင့် သောင်ကြီးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဦးစီးသောရဲတပ်ဖွဲ့က အချိန်မီ ဖမ်းဆီးနိုင်ခဲ့၍ ၎င်းအား သောင်ကြီးရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၆၄)**

# အမြန်လမ်းဖြတ်ကူးသူ ကျောင်းသူ ကားတိုက်၍သေဆုံး

**မိတ္ထီလာ ဇူလိုင် ၂၂**

မိတ္ထီလာမြို့ အလည်ရွာကျေးရွာအနီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၈၁/၃)မိုင်တွင် ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က အမြန်လမ်းကို ဖြတ်ကူးသူ ဆဋ္ဌမတန်းကျောင်းသူတစ်ဦး ကားတိုက်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဆဋ္ဌမတန်းကျောင်းသူ မဝါဝါမြင့် (၁၁နှစ်) ဆွာတောကျေးရွာနေသူသည် ကျောင်းဆင်း၍ ပြန်ရာတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၈၁/၃) မိုင်အနီး လမ်းဖြတ်ကူးစဉ် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးမျိုးဇော်ထိုက် (၃၇ နှစ်) ရန်ကုန်မြို့နေထိုင်သူ မောင်းနှင်လာသည့် လင့်ခရူဇာယာဉ် YGN-5I/---- က ဝင်ရောက်တိုက်မိကာ သေဆုံးခဲ့သဖြင့် ယာဉ်မောင်းဖြစ်သူအား သီးကုန်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၄၀ နှင့်ဆက်နွှယ်သည့် ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၆၂**

ဦးအေးမင်းဦး နှင့် ဦးညွန့်ရင် ပါ-၆

**တရားနိုင်** **တရားရှုံးများ**

အမှတ် ၆၆၇၊ အေးရိပ်သာ(၂)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးသန်းထိုက်၊ ဒေါ်ထွေးထွေးရီ(ယခုနေရပ်လိပ်စာမသိ)နှင့် အမှတ် ၁၀၉၊ သရက်တော(၅)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြင့်မြင့်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၄၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် ဩဂုတ် ၁၅ရက် (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုမာမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာချက်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၇၃လမ်း၊ လ-၂/၅၉နေ ဦးတင်မောင် ၉/မရတ(နိုင်)၀၆၇၂၂၆-ဒေါ်မြင့်မြင့်ဆွေ ၉/မရတ(နိုင်) ၀၆၇၂၂၅ တို့၏သားဖြစ်သူ မောင်ထွန်းလင်းနောင်(ခ)နောင်နောင် ၁၃/တကန(နိုင်) ၁၆၀၉၇၄ သည် မိဘများ၏ဆိုဆုံးမသည့်စကားများကို လုံးဝနားမထောင်သည့်အပြင် မိဘများ၏ငွေကြေးများကို အကြိမ်ကြိမ် ဖြုန်းတီးခြင်း၊ ပြန်မပြော နားမထောင်မိမိစိတ်ထင်ရာလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မိဘ များစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ဆောင်ရွက်ခြင်း၊ မိဘများမသိအောင် နေအိမ်မှ ထွက်ခွာသွားခြင်းတို့ကြောင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိဘများ**
**ဦးတင်မောင်-ဒေါ်မြင့်မြင့်ဆွေ**

**မြန်မာ့အမျိုးသမီးများတစ်သက်တာ ထမင်းစားလက်မှတ်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်ပေးပါမည်**

၁။ ဒီဇိုင်နာ ဒေါ်အေးအေးလွင်နှင့် နန္ဒစာရီဓမ္မစကူးလ်နှင့် ပရဟိတဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး အဆင့်မြင့်မိန်းမဝတ်၊ စကတ်မျိုးစုံ၊ ရှပ်၊ တိုက်ပုံ၊ ထိုင်မသိမ်း၊ ကုတ်၊ စတိုင်ဘောင်းဘီ၊ ဘော်လီ၊ ဘရာစီယာ၊ စီးကွင့်၊ စမော့ကင်၊ လက်ပန်းထိုး၊ စက်ပန်းထိုး၊ မိန်းမဝတ်မြန်မာခါးတို ဘာသာစုံသင်တန်းကို ပညာဒါနဖြင့် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ၆လပြတ်သင်တန်း သင်တန်းသူ အယောက် ၅၀ အမှန်တကယ်အသက်မွေးဝမ်းကျောင်းလိုသူများ၊ သင်တန်းအစအဆုံး အမှန်တကယ် တက်ရောက်နိုင်သူများကိုသာ စိစစ်လက်ခံဖွင့်လှစ်ပေးသွားပါမည်။

၂။ ဆပ်ပြာမျိုးစုံလုပ်ငန်းတည်ထောင်နိုင်သည်အထိ ပညာဒါနပေးသွားပါမည်။

၃။ ပန်းကြယ်သီး၊ ပုဇဉ်သီးထိုးသင်တန်း၊ စီးကွင့်သင်တန်း ရက်တိုဖွင့်လှစ်သွားပါမည်။

၄။ ဖျော်ရည်မျိုးစုံလုပ်နည်း သင်တန်းဖွင့်လှစ်သွားပါမည်။

၅။ ဒံပေါက်၊ ကြက်ဆီထမင်းဆိုင်ဖွင့်နိုင်ရန်အထိ သင်ပြပေးသွားပါမည်။

၆။ အိတ်ချုပ်သင်တန်း တစ်သက်တာလုပ်ကိုင်နိုင်မည့် သင်တန်းမျိုးစုံဖွင့်လှစ်သွားပါမည်။

သင်တန်းတက်လိုသူများ ကိုယ်ရေးအကျဉ်း၊ မိဘအုပ်ထိန်းသူခွင့်ပြုကြောင်းလက်မှတ်၊ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံနှင့် သင်တန်းချိန်ပြည့် လေးစားစွာ တက်ရောက်နိုင်လျှင် လာရောက် လျှောက်ထားနိုင်ပါသည်။

**အထူး**-သင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရန် နေရာအလှူရှင်နှင့် သင်ထောက်ကူများ ပစ္စည်းများလှူဒါန်းနိုင်မည့် စေတနာ့အလှူရှင်များကိုလည်း လေးမြတ်စွာ ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်နှင့် လှူဒါန်းရန်-**
**ဒေါ်နိမလစာရီ(နန္ဒစာရီ)**
**၉/အမဇ(သီ)၀၁၂၅၈**
**လမ်း ၈၀၊ ၇ လမ်း×၈ လမ်းကြား**
**အမရဗ္ဗာနီရှေ့၊ ဥယျာဉ်ကုန်းသီလရှင်ကျောင်း**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၄၀၀၁၀၂၅၊ ၀၉-၇၉၇၆၂၆၄၆၉**






**မိခင်အမည်မှန်**

တနိုင်းမြို့ အထက အဋ္ဌမတန်း(B)မှ မဆုဆုစန္ဒီအောင်၊ မှုလွန်ကျောင်း(ဟူးကောင်းရပ်ကွက်) ပဥ္စမတန်း(A)မှ မောင်ဘိုဘိုမြင့်မြတ်တို့၏ မိခင်အမည်မှန်မှာ ဒေါ်လှမြင့် ၁/မညန(နိုင်)၁၂၁၄၃၃ ဖြစ်ပါကြောင်း။ ဒေါ်လှမြင့်

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/4418၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ဝန်ထမ်းအလိုရှိသည်

## Wah Wah Agricultural Chemicals Trading Co.,Ltd.

1. **Marketing Manager** **M(2)Post**
   - MBA(သို့) Business Management (သို့) B.Ag
   - အချိန်မရွေးနယ်ခရီးသွားနိုင်ရမည်။ အပင်ပန်းခံနိုင်ရမည်။
   - အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။ စိုက်ပျိုးရေးဈေးကွက်နှင့်ပတ်သက်၍ အတွေ့အကြုံရှိသူဖြစ်ရမည်။ တောင်သူများအားစိုက်ပျိုးရေးဆေးများအကြောင်း စည်းရုံးဟောပြောနိုင်သူဖြစ်ရမည်။
   - ဝန်ထမ်းများအား ထိန်းသိမ်းအုပ်ချုပ်နိုင်ရမည်။ ကုမ္ပဏီမှ ချမှတ်ထားသောစည်းကမ်းများကို လိုက်နာရမည်။ ကားမောင်းနိုင်ရမည်။
2. **နယ်လှည့်ကွင်းဆင်းဝန်ထမ်း** **M (10) Post**
   - B.Ag (or) Dip Agri
   - အချိန်မရွေးနယ်ခရီးသွားနိုင်ရမည်။ အပင်ပန်းခံနိုင်ရမည်။
   - (၂)နှစ်အနည်းဆုံးကုမ္ပဏီတွင် အလုပ်လုပ်နိုင်သူဖြစ်ရမည်။
   - လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
3. **နယ်ဆိုင်အရောင်းဝန်ထမ်း** **M/F (30) Post**
   - ဘွဲ့ရ(သို့)ဆယ်တန်းအောင်
   - လုပ်ငန်းတွင် စိတ်ဝင်စားမှုရှိရမည်။ ဆိုင်ကယ်စီးနိုင်သူဖြစ်ရမည်။
4. **Account Assistant** **F (2) Post**
   - B.Com (or) Dip in Accounting
   - လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
   - Peachtree Software အား အသုံးပြုတတ်သူဖြစ်ရမည်။
5. **Sales & Marketing** **F (3) Post**
   - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
   - ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။
   - စကားပြေပြစ်စွာပြောဆိုတတ်ရမည်။

အမှတ်စဉ်(၄)၊ (၅) အတွက် လှိုင်သာယာစက်မှုဇုန်တွင် အလုပ်ဆင်းနိုင်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊အလုပ်သမားမှတ်ပုံတင်မူရင်း၊ဓာတ်ပုံ(၃)ပုံ၊ ရဲစခန်းထောက်ခံစာမူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်းများနှင့်အတူ wahwahagro@gmail.com (သို့) လှိုင်စာတိုက်သေတ္တာအမှတ် PC-11051သို့ လျှောက်ထားနိုင်ပါသည်။

# ရခိုင်ပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှု ပြည်သူ့အသံ နားထောင်ပြီးဆောင်ရွက်

**စစ်တွေ ဇူလိုင် ၂၂**

သဘာဝဘေးအန္တရာယ်ကို နှစ်တိုင်းကြုံတွေ့ရသောပြည်နယ်၊ ကျေးလက်နေပြည်သူလူထု များစွာရှိသောပြည်နယ်၊ မြန်မာနိုင်ငံ၏အဆင်းရဲဆုံးဒေသကား မြန်မာနိုင်ငံ၏ အနောက်တံခါးခေါ် ရခိုင်ပြည်နယ်ပင်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းကြောင့် ယင်းနှင့် ဒွန်တွဲနေသော ကျန်းမာရေးစောင့်ရှောက်မှုကို အခြားနေရာများထက် လိုအပ်နေမည်မှာ သေချာသည်။

ဤကွက်လပ်အား အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူ့အသံ နားထောင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့သတင်းသမားပီပီ ပြည်သူများကို အသိပေးလိုသဖြင့် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများအား သွားရောက်မေးမြန်းပြီး အတည်ပြုချက်ရယူနိုင်ခဲ့သည်။

"ပြည်သူ့အသံကို နားထောင်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးသွားမယ်ဆိုတာက ပြည်သူတွေအမှန်တကယ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ကွင်းဆင်းမယ်။ ပြည်သူတွေ ဘာတွေလိုအပ်သလဲဆိုပြီး တွေ့ဆုံမေးမြန်းမယ်။ သူတို့ လိုအပ်ချက်တွေကို မှတ်ထားမယ်။ ချက်ချင်းဆောင်ရွက်လို့ရရင် ချက်ချင်းဖြည့်ဆည်းပေးမယ်။ အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ရတာတွေ ရှိရင် အမြန်ဆုံးတင်ပြဆွေးနွေးပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြည်နယ်ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သူရိန်က ပြောကြားသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးဒေသဖြစ်ကြောင်း၊ အဆင်းရဲဆုံးဒေသတွင် နေကြသူများဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေခြင်းဖြစ်ကြောင်း၊ ယခင်က ကျန်းမာရေးစောင့်ရှောက်မှုကို အထက်မှအောက်သို့ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပြည်သူ၏ တင်ပြချက်များကို နားထောင်ကာ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်တွင်လည်း ထည့်သွင်းထားကြောင်း၊ ပြည်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးသွားကြစေလိုကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆင့်ဆင့်တို့ကလည်း လှိုက်လှိုက်လှဲလှဲနွေးထွေးစွာ လက်ခံပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။



ကွင်းဆင်းဆောင်ရွက်ပြီး ပြည်သူ့အသံနားထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ပုံ

ပြည်သူ့အသံကို နားထောင်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးမှုအစီအစဉ်အရ ဇူလိုင် ၁၇ ရက်က ရခိုင်ပြည်နယ် ဒုတိယပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ စစ်တွေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်သာတို့ ဦးဆောင်၍ ပြည်နယ်နှင့် မြို့နယ်များမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေ မြို့နယ် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ယင်းအစီအစဉ်တွင် ပါဒလိပ်၊ အမြင့်ကျွန်း၊ တောကန်၊ ရေချမ်းပြင်ကျေးရွာလေးရွာအား စုရပ်ပြုလျက် ယင်းအနီးအနားရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများအား တွေ့ဆုံကာ ပြောပြချက်များကို မှတ်သားခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ချက်ချင်းဆောင်ရွက်၍ရသော ကျန်းမာရေးကိစ္စများကို ချက်ချင်းဖြည့်ဆည်းပေးခြင်း၊ ပြည်နယ်အဆင့်သို့ တင်ပြရမည့်ကိစ္စများကို မှတ်သားယူခဲ့ပြီး ဆွေးနွေးမှုများ ပြုလုပ်ကာ အမြန်ဆုံးဆောင်ရွက်ရန် စီစဉ်နေခြင်း၊ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အချို့ဒေသများ၌ သားဖွားဆရာမများ ခန့်ထားပြီးဖြစ်သော်လည်း ပြည်သူများကို အချိန်ပြည့် စောင့်ရှောက်မှုမပေးနိုင်ခြင်း၊ နိုင်ငံတော်မှ ဆေးဝါးများအခမဲ့ပေးရန် ထုတ်ပေးထားသော်လည်း အခကြေးငွေယူသူများရှိနေခြင်း၊ ဆေးဝါးအချို့သည် ဒေသ၏ရောဂါဖြစ်မှုနှင့် ကိုက်ညီမှုမရှိ၍ အသုံးမဖြစ်သဖြင့် ရက်လွန်ဆေးများဖြစ်သွားကာ ဆုံးရှုံးနေရခြင်း၊ နေရာတိုင်းတွင် ဆရာမများနေထိုင်ရန် ဌာနပိုင်အဆောက် အအုံများမရှိသဖြင့် ဆရာမများအနေဖြင့် အခက်အခဲကြုံတွေ့နေရခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆင့်ဆင့်အနေဖြင့်လည်း ဒေသအတွက်လိုအပ်သော ဆေးဝါးများကို ယခင်က စနစ်အတိုင်း အထက်မှအောက်သို့ ညွှန်ကြားချက်ဖြင့် ဖြန့်ဝေပေးခြင်းမျိုး မဟုတ်ဘဲ ဒေသ၌တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း များက တင်ပြတောင်းခံလာသော ဆေးဝါးများကိုသာ ဖြန့်ဝေရန် လိုအပ်ခြင်းတို့သည် ရခိုင်ဒေသ၏ ကျန်းမာရေးကဏ္ဍတွင် အဓိကကျသော ဆောင်ရွက်ရမည့်အချက်များဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများနှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၏ ပြောပြချက်များအရ သိရသည်။

ယခုအခါ ပြည်သူ့အသံကိုနားထောင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ပြည်သူများက ပူးပေါင်းပါဝင်ပါက ပြီးပြည့်စုံသည့်အဆင့်အထိ မရောက်နိုင်သည့်တိုင်အောင် အထိုက်အလျောက်ဆောင်ရွက်ပေးနိုင်မည်ဟု မြင်မိပါသည်။

ပြည်သူများသည် မိမိတို့၏ကျန်းမာရေးလိုအပ်ချက်များကို ကျေးလက်ကျန်းမာရေးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ တင်ပြတောင်းခံ၍ ဒေသ၏ကျန်းမာရေးလိုအပ်ချက်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် လက်တွဲကာ ဖြည့်ဆည်းပေးပါရန် တိုက်တွန်းရပါကြောင်း။ ။

**သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ပြည်သူ့ကျန်းမာ**

# လွိုင်ကော်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်



**လွိုင်ကော် ဇူလိုင် ၂၂**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင်လဒုတိယပတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူ ၉၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ပြည်နယ်သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ့)**

# ရှာငံ-နွားဘန်းကြီး ကတ္တရာလမ်းဆောင်ရွက်မှု ပြီးစီးတော့မည်

**ရှာငံ ဇူလိုင် ၂၂**

ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဂျာမန် KFW ထောက်ပံ့ငွေဖြင့် ရှာငံ-နွားဘန်းကြီးဆက်သွယ်သော ကတ္တရာလမ်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။ လမ်း၏အရှည်မှာ ၄ ဒသမ ၅၃ ကီလိုမီတာနှင့် အကျယ်မှာပခုံးသားအပါအဝင် ၆ ဒသမ ၅ မီတာရှိပြီး ယနေ့အချိန်အထိ ဆောင်ရွက်မှုရာနှုန်းပြည့် ပြီးစီးသလောက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသိန်းမြတ်ထိုက်ထံမှ သိရသည်။

အဆိုပါကတ္တရာလမ်း ဖောက်လုပ်ပေးခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသည့်အပြင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်လျက်ရှိသော နွားဘန်းကြီးကျေးရွာနှင့် ပွေးနဖားကျေးရွာမှ တောင်သူများ ကုန်စည်စီးဆင်းမှုကောင်းမွန်မြန်ဆန်၍ ဒေသခံကျေးလက်နေပြည်သူများ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အဆင်ပြေစွာသွားလာလုပ်ဆောင်နိုင်တော့မည်ဖြစ်၍ မြို့နယ်အတွင်းရှိ ဒေသခံမိဘပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

# ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာငါးရွာ၌ မြစိမ်းရောင်စီမံကိန်းများဆောင်ရွက်

**ကန့်ဘလူ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာငါးရွာ၌ မြစိမ်းရောင်စီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျေးရွာတစ်ရွာတွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ကျေးရွာ ကိုးရွာတွင်လည်းကောင်း အကောင်အထည်ဖော်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာငါးရွာတွင် စီမံကိန်းကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာအတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများအတွက် ငွေထုတ်ချေးပြီး ရရှိလာမည့်အတိုးငွေများကို အဆိုပါကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကော်မတီဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်သုံးစွဲစေမည် ဖြစ်ကြောင်းနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်၍ တစ်ရွာလုံး ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ပြီး ဆင်းရဲမှုလျှော့ချနိုင်ရန်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းဆွေအောင်က ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်း ယခင်က မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော်ထားသော ကျေးရွာ ၁၀ ရွာရှိပြီး ထပ်မံအကောင်အထည်ဖော်မည့် ကျေးရွာငါးရွာ စုစုပေါင်း ၁၅ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လယ်စပါး SRI စိုက်စနစ်နှင့် GAP စိုက်စနစ် လက်တွေ့သရုပ်ပြစိုက်ပျိုး

**ရှာငံ ဇူလိုင် ၂၂**

လယ်စပါး SRI စိုက်စနစ်နှင့် GAP စိုက်စနစ် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် မြင်းကျဒိုးကျေးရွာ ဦးညွန့်လွင်၏ ကွင်းအမှတ် (၁၇၀) ၌ ဇူလိုင် ၂၀ ရက် နံနက်က ကျင်းပသည်။

SRI စိုက်စနစ်သည် စပါးပျိုးသက် ၁၄ ရက်သားတွင် ပျိုးသက်နုစိုက်စနစ် ပင်ခြားတန်းခြားကိုးလက်မဖြင့် ၁၀ တန်းတစ်တန်းလုပ် စိုက်စနစ်ဖြစ်ကာ GAP စိုက်စနစ်တွင် အပင်ခြားခြောက်လက်မ၊ တန်းခြားရှစ်လက်မနှင့် ၁၀ တန်းတစ်တန်းလုပ်စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပြီး စပါးပင်သက်တမ်းရက်ပေါင်း ၁၁၀ တွင်ရိတ်သိမ်းနိုင်သည်။ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန် စိုက်ပျိုးပါက ယခုလက်တွေ့သရုပ်ပြစိုက်ပျိုးသော CNR 903 စပ်မျိုးစပါးသည် တစ်ဧကလျှင် စပါးတင်း ၃၀၀ အထိ ထွက်ရှိနိုင်ကြောင်း သိရသည်။

အဆိုပါ လက်တွေ့သရုပ်ပြစိုက်ပျိုးပွဲတွင် ရှာငံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသန့်က လယ်စပါး SRI စိုက်စနစ်နှင့် GAP စိုက်စနစ် လက်တွေ့သရုပ်ပြစိုက်ပျိုးရခြင်းနှင့် လက်ထောက်ဦးစီးမှူး ဦးလှကြိုင်က နွားချေးဖော့်ရည်ပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းဆိုင်ရာများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

အမြို့မြို့အနယ်နယ်ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင်ကြော်ငြာပါ

# ရာသီဥတုပြောင်းလဲမှုကို ကုစားရာ၌ စွမ်းအားမြင့်မီးဖိုများ၏ အခန်းကဏ္ဍအရေးပါ

## အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

**ကမ္ဘာ့** **လူဦးရေ ခုနစ်ဘီလီယံကျော်ရှိသည့်အနက် လူပေါင်း ၂ ဒသမ ၄ ဘီလီယံခန့်သည် အစားအစာချက်ပြုတ်ရာတွင် ထင်းနှင့်အခြားဇီဝဒြပ်ထုများကို လောင်စာအဖြစ် သုံးစွဲနေကြသည်။ ချက်ပြုတ်ရာတွင်လည်း ရိုးရာဖိုခနောက်မီးဖိုများ (Traditional Three-Stones Cookstoves) ကိုသာ အသုံးပြုနေကြဆဲဖြစ်သည်။ ဖိုခနောက် မီးဖိုများဖြင့် လေဝင် လေထွက်မကောင်းသော မီးဖိုချောင်များ၌ ချက်ပြုတ်ခြင်းကြောင့် လေထုညစ်ညမ်းမှုနှင့် ဆက်နွှယ်သောရောဂါများကို ခံစားရလျက်ရှိကြသည်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ခန့်မှန်းချက်အရ အစားအစာချက်ပြုတ်ရာမှ ထွက်ရှိလာသော မီးခိုးများကို ရှူရှိုက်ရခြင်းကြောင့် နှစ်စဉ်လူပေါင်း ၁ ဒသမ ၉ သန်းခန့်သည် အရွယ်မတိုင်မီသေဆုံးနေကြကြောင်း၊ ချက်ပြုတ်ခြင်းကို တာဝန်ယူရသော အိမ်ရှင်မများနှင့် ၎င်းတို့၏ကလေးငယ်များတွင် ပန်းနာရင်ကျပ်၊ အဆုတ်နှင့်ဆက်နွှယ်သော အခြားရောဂါများ၊ နှလုံးရောဂါများပိုမိုခံစားနေကြရကြောင်း၊ သေဆုံးသူများ၏ ထက်ဝက် ခန့်သည် အသက်ငါးနှစ်နှင့်အောက်က လေးငယ်များဖြစ်ကြကြောင်း သိရှိရသည်။ ထို့ပြင် အာဖရိကနိုင်ငံအများစုနှင့် အာရှနိုင်ငံအချို့၌ ထင်းကိုတာဝန်ယူစုဆောင်းရသော အိမ်ရှင်မများနှင့် သမီးမိန်းကလေးများသည် ထင်းရရှိရေးအတွက် နာရီပေါင်း များစွာ အချိန်ကုန် နေခြင်းကြောင့် အိမ်ရှင်မများအနေဖြင့် အခြားဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများကို မလုပ်ကိုင်နိုင်ကြသည်သာမက လေးလံသော ထင်းစည်းများကို မိုင်ပေါင်းများစွာ သယ်ပိုးနေကြရခြင်းကြောင့် ခါးနာဝေဒနာများ ခံစားနေကြရကြောင်း၊ မိန်းကလေးများသည်လည်း ပညာသင်ကြားရေးကို ထိခိုက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် တစ်ကမ္ဘာလုံးမှ ထင်းသုံးစွဲမှုပမာဏသည် သစ်နှင့်သစ်အခြေခံပစ္စည်းများ ထုတ်လုပ်မှုအတွက် ထုတ်ယူသည့်သစ်လုံး (Industrial Roundwood) ပမာဏထက်ပို၍များသဖြင့် သစ်တောများပြုန်းတီးရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်နေကြောင်း မှတ်သားထားဖူးသည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပေးမည့်အစား လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်များ ထုတ်လွှတ်မှုပို၍များလာသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကို အားပေးရာရောက်သည်သာမက သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်လျက်ရှိသည်။

အိမ်ရှင်မများနှင့် ကလေးငယ်များခံစားနေကြရသော အထက်ဖော်ပြပါ ရောဂါများနှင့် ရင်ဆိုင်ရ လျက်ရှိသော ပြဿနာများကို ဖြေရှင်းရန်နှင့်သစ်တောများ ပြုန်းတီးမှုကို တတ် နိုင်သမျှကာကွယ်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများက စွမ်းအားမြင့်အိမ်သုံး မီးဖို (Efficient Cookstoves or Improved Cookstoves) များကို တီထွင် ထုတ်လုပ်လာကြပြီး အာရှနိုင်ငံများနှင့်အာဖရိကနိုင်ငံများသို့ ပညာပေးဖြန့်ဝေ လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ လူပေါင်း ၈၂၆ သန်းခန့်သည် အစားအစာချက်ပြုတ်ရာတွင် ရိုးရာဖိုခနောက်မီးဖိုများကို အသုံးပြုနေကြကြောင်း၊ ယင်းမီးဖိုများအစားစွမ်းအားမြင့်မီးဖိုများကို အသုံးပြုစေရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နှစ်လျှင် စွမ်းအားမြင့်မီးဖိုပေါင်း ၁၅ သန်း ဖြန့်ဝေပေးခြင်းဖြင့် ၁၀ နှစ်အတွင်း ရိုးရာမီးဖိုအသုံးပြုနေသည့် အိမ်ထောင်စုများ၏ ၈၇ ရာခိုင်နှုန်းခန့်ကို ဖြန့်ဝေပေးပြီးဖြစ်မည်ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် အရွယ်မတိုင်မီသေဆုံးနေသူ ၁၇ ရာခိုင်နှုန်းခန့်လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း မှတ်သားရပါသည်။

မာလာဝီနိုင်ငံ၌ အစားအစာချက်ပြုတ်ရာတွင် ထင်းကိုသုံးစွဲနေသူပေါင်း ၉၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စွမ်းအားမြင့်မီးဖိုအသုံးပြုစေရေးအတွက် ကျေးရွာစည်းရုံးရေးမှူးများအား သင်တန်းများပေးပြီး ယင်းမီးဖိုများကို အိမ်တိုင်ရာရောက်လိုက်လံပြုလုပ်ပေးခဲ့ရာ ယခုအခါ အိမ်ထောင်စုပေါင်း ၃၀၀၀၀ က အသုံးပြုလျက်ရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံတွင်လည်း ပြီးခဲ့သော ဆယ်နှစ်အတွင်းစွမ်းအားမြင့်မီးဖိုပေါင်း ၁၂၉သန်း ဖြန့်ဝေခဲ့ကြောင်း၊ အဆိုပါ မီးဖိုများ၏သုံးပုံနှစ်ပုံခန့်ကို ယခုအချိန်အထိ အသုံးပြုနေကြဆဲဖြစ်ကြောင်း ကြားသိရပါသည်။

ကုလသမဂ္ဂ၏ ထောက်ပံ့မှုဖြင့်ဖွဲ့စည်းထားသော "Global Alliance for Clean Cookstoves" အဖွဲ့က တရုတ်၊ အိန္ဒိယ၊ ကင်ညာနှင့်ဂွါတီမာလာနိုင်ငံများတွင် စွမ်းအားမြင့် မီးဖိုများဖြန့်ဝေပေးရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် မီးဖိုပေါင်း သန်း ၁၀၀ ဖြန့်ဝေပြီးဖြစ်ရန် လျာထားချက်ရှိကြောင်း ထုတ်ပြန်ထားသည်။

### မြန်မာနိုင်ငံ၌ စွမ်းအားမြင့်မီးဖိုများအသုံးပြုမှုနှင့် ယင်းတို့၏အကျိုးဆက်များ

ရေဆင်းသစ်တောသုတေသနဌာနက တီထွင်ခဲ့သော“အေဝမ်း”စွမ်းအားမြင့်မီးဖိုများကို ၁၉၉၄ ခုနှစ်မှစတင်၍ ထုတ်လုပ်ခဲ့သည်သာမက ယင်းမီးဖိုများ နိုင်ငံတစ်ဝန်းကျယ်ပြန့်စွာ အသုံးပြုစေရေးအတွက် မီးဖိုပြုလုပ်နည်းသင်တန်းများကို အကြိမ်ကြိမ် ပေးခဲ့သည်။ ၁၉၉၈ ခုနှစ်ဇူလိုင်လက ကွင်းဆင်းစာရင်းကောက်ယူမှုများအရ တစ်နိုင်ငံ လုံးတွင် အေဝမ်းမီးဖိုအသုံးပြုနေသူပေါင်း ၁၄၄၀၀၀ ခန့်ရှိခဲ့သည်။ ထို့ကြောင့် ယခု အချိန်၌ အေဝမ်းမီးဖိုကိုအသုံးပြုနေသူပေါင်း တစ်သန်းခန့်ရှိနိုင်သည်။

စာရေးသူတို့နိုင်ငံမှာ ကျေးလက်အိမ်ထောင်စုတစ်စုက တစ်နှစ်လျှင်ထင်း ၂ ဒသမ ၅ ကုဗတန်သုံးစွဲလျက်ရှိရာ ရိုးရာဖိုခနောက်မီးဖိုနှင့် နှိုင်းယှဉ်လျှင်အေဝမ်းမီးဖိုသည် ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်းခန့်သက်သာသည်။ ထို့ကြောင့် အေဝမ်းမီးဖိုကို အသုံးပြု သည့် အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင်ထင်းကုန်ကျမှု ၁ ကုဗတန်ခန့် (၁ ဒသမ ၄၁၆ $m^3$)သက်သာမည်။ မြန်မာနိုင်ငံမှ သစ်မျိုးများ၏ပျမ်းမျှ အခြေခံသိပ်သည်းခြင်း (Basic Density=Overdry Volume/Green Volume)သည် ၆၀၀ $kg/m^3$ခန့်ရှိသည်။ ထို့ကြောင့် ဖော်ပြပါ ထင်း ၁ ဒသမ ၄၁၆ $m^3$ သည် အလေးချိန်အားဖြင့် ၀ ဒသမ ၈၄၉၆ မက်ထရစ်တန်နှင့် ညီမျှသည်။

သစ်မျိုးများ (Wood Species)၏ ကာဗွန်ပါဝင်မှုနှုန်းသည် ပျမ်းမျှ ၅၀ ရာခိုင်နှုန်းခန့်ရှိခြင်းကြောင့် အထက်ပါထင်း ၀ ဒသမ ၈၄၉၆ မက်ထရစ်တန်တွင် ကာဗွန်(C)၀ ဒသမ ၄၂၄၈ မက်ထရစ်တန်ခန့်ပါဝင်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)



မော်လီကျူးတွင် ကာဗွန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်၏အလေးချိန်ပါဝင်မှုအချိုးသည် ၁၂း ၄၄ ရှိသည်။ ထို့ကြောင့်တစ်နှစ်လျှင် ကုန်ကျမှုသက်သာသည့်ထင်း ၁ ကုဗတန်ကို ထင်း အဖြစ်သုံးစွဲလိုက်လျှင် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏ ၁ ဒသမ ၅၅၇ မက်ထရစ်တန် (၀ ဒသမ ၄၂၄၈×၄၄/၁၂) ထုတ်လွှတ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုလျှင် ကျေးလက်အိမ်ထောင်စုတစ်စုက အေဝမ်းမီးဖိုတစ်လုံးကို တစ်နှစ်အသုံးပြုတိုင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ပမာဏ ၁ ဒသမ ၅၅၇ မက်ထရစ်တန် လျော့နည်းစေမည်ဖြစ်သည်။

၁၃-၅-၂၀၁၆ ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင်ပါရှိခဲ့သော“**ယာဉ်ကြောပိတ်ဆို့မှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု**”ဆောင်းပါး၌ မော်တော်ကားတစ်စီးသည် ဓာတ်ဆီတစ်ဂါလန်သုံးစွဲလျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၁၀ ဒသမ ၃၉၅ ကီလိုဂရမ်၊ မီသိန်းဓာတ်ငွေ့ ၀ ဒသမ ၀၀၀၄၅ ကီလိုဂရမ်နှင့်နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့ ၀ ဒသမ ၀၀၀၀၉ ကီလိုဂရမ်ထုတ်လွှတ်ကြောင်း ဖော်ပြခဲ့ပါသည်။

ရန်ကုန်မြို့ကြီးတွင် ဖြစ်ပေါ်လျက်ရှိသော ယာဉ်ကြောပိတ်ဆို့မှုများကို ကူညီဖြေရှင်းပေးသည့်အနေဖြင့် မော်တော်ကားပိုင်ရှင်သုံးဦးက ၎င်းတို့၏ကားသုံးစီးကို တစ်ပတ်လျှင်တစ်ရက်မသွားဘဲရပ်နားပေးထားမည်ဆိုပါက တစ်နှစ်လျှင်ဓာတ်ဆီကုန်ကျမှုဂါလန် ၁၅၆ဂါလန် (၅၂ ပတ်×၃ ဂါလန်)သက်သာမည်ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပမာဏ ၁ ဒသမ ၆၂ မက်ထရစ်တန်လျော့နည်းမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်အိမ်ထောင်စုတစ်စုက ရိုးရာဖိုခနောက်မီးဖိုကို အသုံးပြုမည့်အစား အေဝမ်းမီးဖိုကိုတစ်နှစ်အသုံးပြုလျှင် ထုတ်လုပ်မှုလျော့နည်းမည့်ကာဗွန်ဒိုက်အောက်ဆိုက်ပမာဏသည် မော်တော်ကားသုံးစီးတစ်ပတ်လျှင်တစ်ရက်နှုန်းဖြင့် တစ်နှစ်ရပ်နားပေးရာမှ ထုတ်လွှတ်မှုလျော့နည်းမည့် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏနီးပါးရှိကြောင်း တွေ့မြင်နိုင်ပါသည်။ (ကားတစ်စီးသည်တစ်ရက်လျှင် ပျမ်းမျှဓာတ်ဆီတစ်ဂါလန်သုံးစွဲသည်ဟု ယူထားသည်။)

၂၀၁၅ ခုနှစ်မေလက ထုတ်ပြန်ခဲ့သော “သန်းခေါင်စာရင်း”အရ မြန်မာနိုင်ငံတွင် မြို့ပြအိမ်ထောင်စု ပေါင်းသည် ၃၀၄၉၄၃၃ စုဖြစ်ပြီး ကျေးလက်နေအိမ်ထောင်စုပေါင်းသည် ၇၈၂၈၃၉၉ စုဖြစ်ကြောင်း၊ မြို့ပြအိမ်ထောင်စုပေါင်း ၇၈၂၀၄၇ နှင့် ကျေးလက်အိမ်ထောင်စုပေါင်း ၆၇၅၀၆၁၄ စုသည် အစားအစာချက်ပြုတ်ရာတွင် ထင်းကို သုံးစွဲသူများဖြစ်ကြကြောင်း သိရှိရသည်။ ထင်းသုံးစွဲသူများအနက် အိမ်ထောင်စု ပေါင်း တစ်သန်းက အေဝမ်းမီးဖို ကို အသုံးပြုလျက်ရှိနိုင်ကြောင်း အထက်တွင်ဖော်ပြခဲ့ပါ သည်။ ယင်းအိမ်ထောင်စု တစ်သန်းအနက် မြို့ပြအိမ်ထောင်စုပေါင်း တစ်သိန်း နှင့် ကျေးလက်အိမ်ထောင်စုပေါင်း ကိုးသိန်းသည်အေဝမ်းမီးဖိုများကို အသုံးပြုနေကြ သည်ဟု ယူပါမည်။ မြို့ပြအိမ်ထောင်စုတစ်စုကတစ်နှစ်လျှင် ထင်းနှစ်ကုဗတန်သုံးစွဲ ခြင်းကြောင့် အေဝမ်းမီးဖိုသုံးစွဲသည့် မြို့ပြအိမ်ထောင်စုပေါင်း တစ်သိန်းအတွက် တစ်နှစ်လျှင် ထင်းကုန်ကျမှု ကုဗတန် ရှစ်သောင်း ခန့်လျော့နည်းမည်ဖြစ်သည်။ ထိုနည်းတူပင် ကျေးလက်အိမ်ထောင်စု တစ်စုကတစ်နှစ်လျှင်ထင်း ၂ ဒသမ ၅ ကုဗတန်သုံးစွဲခြင်းကြောင့် ကျေးလက်အိမ်ထောင်စုပေါင်း ကိုးသိန်းအတွက် တစ်နှစ်လျှင်ထင်း ကုန်ကျမှု ကုဗတန် ကိုးသိန်း ခန့်လျော့နည်းမည်ဖြစ်သည်။ ထို့ကြောင့် အေဝမ်းမီးဖိုပေါင်း တစ်သန်းကို အသုံးပြုခြင်းကြောင့် တစ်နှစ်လျှင် ထင်းကုန်ကျမှု ကုဗတန် ၉၈၀၀၀၀ ခန့် သက်သာ မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏ ၁၅၂၅၈၆၀ မက်ထရစ်တန်ခန့် လျော့နည်းမည်ဖြစ်သည်။

ထို့အပြင် တစ်ရက်လျှင်ပျမ်းမျှဓာတ်ဆီတစ်ဂါလန်သုံးစွဲသည့် မော်တော်ကား တစ်စီးက ကာဗွန်ဒိုင်အောက်ဆိုက် ၁၀ ဒသမ ၃၉၅ ကီလိုဂရမ် ထုတ်လွှတ်သဖြင့် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၃ ဒသမ ၇၉၄ မက်ထရစ်တန်ခန့် ထုတ်လွှတ်သည်။ ထို့ကြောင့် ကားပိုင်ရှင်တစ်ဦးက အေဝမ်းမီးဖိုသုံးလုံးလှူလိုက်ပါက ၎င်း၏ကားမှတစ်နှစ်အတွင်း ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ချေဖျက်ပေးရာရောက်မည်ဖြစ်သည်။ အေဝမ်းမီးဖိုတစ်လုံးကို ကျေးလက်အိမ်ထောင်စုတစ်စုက တစ်နှစ်အသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ၁ ဒသမ ၅၅၇ မက်ထရစ်တန် ထုတ်လွှတ်သောကြောင့်ဖြစ်သည်။ အေဝမ်းမီးဖိုကို ကျေးလက်ဒေသ၌အသုံးပြုသော်လည်း လေထုသည်တစ်ဆက်တစ်စပ်တည်း ရှိနေသောကြောင့် မြန်မာတစ်နိုင်ငံလုံး၌သာမက တစ်ကမ္ဘာလုံးတိုင် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ အေဝမ်းမီးဖိုပေါင်းတစ်သန်းကို အသုံးပြုခြင်းဖြင့် တစ်နှစ်လျှင် ထင်းကုဗတန် ပေါင်း ၉၈၀၀၀၀ ခန့် သက်သာသောကြောင့် သဘာဝသစ်တောများမှ သစ်ပင်များ၊ သစ်တောစိုက်ခင်းများမှ သစ်ပင်များနှင့် အခြားသစ်ပင်များ ခုတ်လှဲခံရမှုလျော့နည်းလာသည်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုပမာဏလျော့နည်းခြင်းကို တားဆီးပေးရာရောက်မည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကိုပါ သက်သာစေမည်ဖြစ်သည်။

အေဝမ်းမီးဖိုနှင့်အခြားစွမ်းအားမြင့် အိမ်သုံးမီးဖိုများကို အသုံးပြုခြင်းကြောင့် အထက်ဖော်ပြပါအကျိုးဆက်များသာမက အသုံးပြုသည့် အိမ်ထောင်စုများ အနေဖြင့်-

(၁) ထင်းခွေချိန်သက်သာသဖြင့် အိမ်ရှင်မများ အခြားဝင်ငွေရသည့် လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း၊ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးများတွင် အချိန်ပိုပေးနိုင်ခြင်း၊ ကလေးများပညာရေးတွင် ပို၍ အာရုံစိုက်နိုင်ခြင်း

(၂) ထင်းဝယ်ယူသုံးစွဲသူများအတွက် ငွေကုန်သက်သာခြင်း

(၃) မီးခိုးထွက်ရှိမှုနည်းသဖြင့် လေထုညစ်ညမ်းမှုနှင့် ဆက်နွှယ်သော ရောဂါများဖြစ်ပွားမှုသိသာစွာ လျော့နည်းခြင်း

(၄) ချက်ပြုတ်ချိန်မြန်သဖြင့် အခြားလုပ်ငန်းများအတွက် အချိန်ပို၍ ရခြင်း

(၅) မီးအပူရှိန်ဟပ်မှုနည်းသဖြင့် ပင်ပန်းမှုသက်သာခြင်း

(၆) မီးဘေးအန္တရာယ်ကင်းဝေးခြင်းစသည့်အကျိုးများကိုပါ ရရှိခံစားကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးကို အဘက်ဘက်မှ အကျိုးပြုနိုင်သည်သာမက အသုံးပြုသူများကိုပါ ဘက်ပေါင်းစုံမှ အကျိုးပြုနိုင်သော စွမ်းအားမြင့်မီးဖိုများကို မြန်မာနိုင်ငံတစ်ဝန်းကျယ်ပြန့်စွာ အသုံးပြုစေရေးအတွက် အစိုးရ ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တစ်ဦးချင်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကုလသမဂ္ဂ၏ ထောက်ပံ့မှုဖြင့် ဖွဲ့စည်းထားသော "Global Alliance for Clean Cook- stoves" အဖွဲ့က တရုတ်၊ အိန္ဒိယ၊ ကင်ညာနှင့် ဂွါတီမာလာနိုင်ငံများတွင် စွမ်းအားမြင့်မီးဖိုများဖြန့်ဝေ ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် မီးဖိုပေါင်း သန်း ၁၀၀ ဖြန့်ဝေပြီးဖြစ်ရန် လျာထားချက်ရှိကြောင်း ထုတ်ပြန်ထား . . .**

# မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ခွဲ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ပြည်သူလူထုတစ်ဦးချင်းစီနှင့် အိမ်ထောင်စုတစ်စုချင်း၏ ထိခိုက်လွယ်မှု အခြေအနေများကို လျှော့ချရေးနှင့် လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ဇူလိုင် ၂၀ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ခွဲအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။ ဆက်လက်၍ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များ တွေ့ရှိရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုကနဦးနှစ်များတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ ရန်ပုံငွေပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ပြည်သူလူထုအတွက် အကျိုးရှိမည့် အဆိုပါအစီအစဉ်များကို ပို၍ မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းဖြစ်သော ချင်းပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ သက်ကြီးရွယ်အိုများ ငွေကြေးအထောက်အပံ့ ပေးရေးအစီအစဉ်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအတွက် ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ် ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်

**ချောင်းဦး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြုကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသစ်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးလှဆိုင်း (လူမှုဝန်ထမ်း-၃) က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ ရပ်ရွာအတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် လူမှုရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသူများအား ကလေးသူငယ်အရေး၊ အမျိုးသမီး၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုဘိုးဘွားများအား လိုအပ်သောစောင့်ရှောက်မှုပေးနိုင်ရေးတို့တွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ သင်တန်းပို့ချရခြင်းဖြစ်ကြောင်း ပြောပြသည်။

ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းကို ချောင်းဦးမြို့နယ်အတွင်းမှ သင်တန်းသား ၆၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၀ မှ ၂၂ ရက်အထိ ၃ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




**ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ဘက်စုံပညာသင်စရိတ် ထောက်ပံ့ပွဲအခမ်းအနားကို ဇူလိုင်လ တတိယပတ်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ငွေးက ကလေး ၅၆ ဦးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။**
မီးမီး(လှိုင်)

# မြဝတီ-မဲဆောက် ဂိတ်မှ ဇန်နဝါရီလမှ ဇွန်လအထိနိုင်ငံခြားသား ၆၀၃၃၅ ဦး ဝင်ရောက်လည်ပတ်ခဲ့



**မြဝတီ ဇူလိုင် ၂၂**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် နိုင်ငံခြားသားလူဝင်၊ လူထွက်နှင့်ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့် ဆောင်ရွက်သည့် အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ စတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုရာ မြဝတီ-မဲဆောက် ဝင်ထွက်ပေါက်ဂိတ်မှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လည်ပတ်ခဲ့သူ ဦးရေမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ထိုင်းနိုင်ငံသား ၅၄၀၂၉ ဦးနှင့် တတိယနိုင်ငံသား ၆၃၀၆ ဦး စုစုပေါင်း ၆၀၃၃၅ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ အဆိုပါ ဝင်ရောက်လည်ပတ်ခဲ့သူ ၆၀၃၃၅ ဦးတွင် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာဖြင့်ဝင်ရောက်သူ ၁၀၅၆၇ ဦးရှိပြီး နေ့ချင်းပြန်လည်ပတ်ခဲ့သူ ၄၉၇၆၈ ဦးဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၁၆ခုနှစ် ဇူလိုင် ၁၅ ရက်က Mother Ayeyarwaddy Travels & Tours Co.,Ltd ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသားဧည့်သည် Mr.Arno Khammak နှင့်အဖွဲ့ဝင် ၃၁ ဦးတို့သည် ၄င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ၁၃ စီးဖြင့် မြဝတီ-မဲဆောက် ဝင်ထွက်ဂိတ်မှ ဝင်ရောက်ပြီး မြဝတီ-မော်လမြိုင်-နေပြည်တော်-ပုဂံ-မန္တလေး-ရန်ကုန်-ကျိုက်ထိုမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ခရီးစဉ်များတွင် လိုက်ပါခဲ့ကာ ခရိုင်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည်နှင့်ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ဇူလိုင် ၂၁ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# စည်းကမ်းမဲ့မော်တော်ယာဉ်များ အပတ်စဉ် ကြပ်မတ်စစ်ဆေးအရေးယူဆောင်ရွက်

**ဘော်လခဲ ဇူလိုင် ၂၂**

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်တွင် ယာဉ်ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ သွားလာဆောင်ရွက်နိုင်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ဘော်လခဲမြို့နယ် မြို့လယ်လမ်းဆုံရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်မှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်ထိန်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်ပြီးမော်တော်ယာဉ်စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်သောမော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်ခုနစ်စီးတို့ကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ

# ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ ဇူလိုင် ၂၂**

ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းပြီး ကျန်းမာရေးကို အထူးဂရုပြုတတ်စေရန်အတွက် ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ချောင်းဆုံ အ.ထ.က ကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှကြိုင်ကအမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်းက ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်တာဝန်ခံဆရာဝန် ဒေါက်တာအေးအေးခိုင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်သူနာပြုဆရာမ ဒေါ်သင်းသင်းအေးက HIV/AIDS ရောဂါအကြောင်းနှင့် တီဘီရောဂါကုသရေးဌာနစိတ်မှ ဦးဇေယျာထွန်းက တီဘီရောဂါနှင့်ပတ်သက်သည်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအား အထွေထွေရောဂါများကုသပေးခြင်း၊ ကျောင်းကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## သတင်းတိုထွာမှတ်သားစရာ

### တန့်ယန်း၌ ရှေးဦးပြုစုခြင်းသင်တန်းဆင်း

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်း(ဆင့်ပွား)သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး သင်တန်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်ဦးတို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်နှင့် အရေးပေါ်သုံးကြက်ခြေနီဆေးအိတ်များကို ပေးအပ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

### မော်လမြိုင် အား/ကာသို့ အားကစားဆက်စပ်ပစ္စည်းများလှူဒါန်း

မွန်ပြည်နယ် မော်လမြိုင်မြို့အားကစားနှင့် ကာယပညာသိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA မှ မော်လမြိုင်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းသို့ GYM အခန်းသုံး အားကစားဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အမှာစကားပြောကြားပြီး ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေးအဖွဲ့အေဂျင်စီမှ Mr.Moon Sang Won က GYM အခန်းသုံးပစ္စည်းများနှင့် ကိုယ်ကာယကြံ့ခိုင်မှုစစ်ဆေးသည့် ပရိုဂရမ်ကို အသုံးပြု၍ အား/ကာသိပ္ပံကျောင်းမှ အားကစားသမားများ ကိုယ်ခံစွမ်းအားမြင့်မားစေရန် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**တင်ထွဋ်**

### လွှတ်တော်ရန်ပုံငွေဖြင့် လွိုင်လင်မြို့ပေါ်၌ လမ်းများပြုပြင်

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့ပေါ်ရှိ ရပ်ကွက်လေးရပ်ကွက်တွင် လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းများကို ဇူလိုင် ၂၀ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သိန်းသိန်းတင့်နှင့် ရပ်ကွက်လေးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းများကို မြို့နယ်စည်ပင်သာယာရေးဌာနက နည်းပညာဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လမ်းများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများက ကူညီဆောင်ရွက်ပေးရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင်/ပြန်ဆက်)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သရက်ချောင်းမြို့နယ်ဦးစီးမှူးရုံး၏ ရက် ၁၀၀ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက အထက(ခွဲ) ကျွဲဇပ်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးက အမှာစကားပြောကြားပြီး အထက(ခွဲ)ကျွဲဇပ်ကျောင်း၊ အလက(ခွဲ)ဂုံညှင်းဆိပ်ကျောင်း၊ အလက(ခွဲ)ဆီတောကျောင်း၊ အထက(ခွဲ) စော်ဖျားကျောင်း၊ အထက ကနက်သီရိကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။ ယခုပေးအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အရေအတွက်မှာ စုစုပေါင်း ကျောင်းငါးကျောင်းအတွက် ကတ်ပြားပေါင်း ၂၅၄ ခုဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

### ယာဉ်စည်းကမ်းနှင့်မညီညွတ်သည့်ယာဉ်များ အရေးယူ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး ဖုန်းမြင့်နှင့်တပ်ဖွဲ့ဝင်များက မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီများသည် ဇူလိုင် ၂၀ ရက်က (၁)လမ်းအဝိုင်းအနီးတွင် စည်းကမ်းနှင့်မညီညွတ်သည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးရာ ယာဉ်စည်းကမ်းနှင့်မညီညွတ်သည့် မော်တော်ဆိုင်ကယ် ၁၉ စီးကို ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ ယာဉ်အသွားအလာများသည့် လမ်းများတွင် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် စည်းကမ်းဖောက်ဖျက်သည့် မော်တော်ဆိုင်ကယ်များကို အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၅၃)**

## ကသာခရိုင်၌ သက်တမ်းရင့်ကညင်ပင်ကြီးအား ထိန်းသိမ်းဆောင်ရွက်ထား

**ပင်လည်ဘူး ဇူလိုင် ၂၂**

ကသာခရိုင် ပင်လည်ဘူးမြို့နယ်မှ ၁၆ မိုင်အကွာရှိ တမောကြိုးပြင်ကာကွယ်တော အတွင်း သက်တမ်းရင့်ကညင်ပင်ကြီး တစ်ပင်ကို သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

အဆိုပါကညင်ပင်ကြီးမှာ အမြင့်ပေ ၁၂၀ ခန့်၊ လုံးပတ် ၂၇ ပေရှိပြီး ပေါက်ရောက်ရာအမျိုးအစားမှာ ရွက်ပြတ်ရောနှောတောဖြစ်ကြောင်း၊ ဖိတုံးချောင်းနှင့် ဖိတာချောင်းရေဝေဒေသနှစ်ခုအတွင်းကာ သက်တမ်းအားဖြင့် နှစ် ၁၀၀ ကျော်ရှိကြောင်း သိရသည်။

ကသာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးမြင့်စိုးတို့အဖွဲ့သည် ဒေသခံများနှင့်အတူ အဆိုပါကညင်ပင်ကြီးအား ထိန်းသိမ်းရန်အတွက် ၁၀ ပေ ပတ်လည်ရှိ ခြံစည်းရိုးကာရံရန် အဆိုပါ တမောကြိုးပြင် ကာကွယ်တော အတွင်းရှိ ပေါက်ရောက်အပင်များ အား လိုက်လံကြည့်ရှု မှတ်တမ်းတင်ခဲ့ ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၅ ရွာ ထပ်မံတိုးမြှင့်

**ဖြူး ဇူလိုင် ၂၂**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များ ပါဝင်သော အဖွဲ့တို့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်ထားသော ကျေးရွာများဖြစ်သည့် သာယာကုန်းကျေးရွာ၊ ညောင်ပင်သာရွာ၊ အိုးဖိုကုန်းရွာ၊ လေးအိမ်စုရွာ၊ ဇီးဖြူခင်ရွာ၊ သပြေခင်၊ သပြေလှ၊ ပေါက်ဇလုပ်၊ မြပဲခူး(မြန်မာ)၊ ပျဉ်းမပင်၊ အင်တောကန်၊ ကြူအင်း (အနောက်)ရွာ၊ ကန်ကလေး၊ ဆိပ်ဖူးခင်၊ ခင်ဝိုင်း ကျေးရွာတို့အား ဇူလိုင် ၄ ရက်မှ ၁၂ ရက်အထိ ကွင်းဆင်းသွားရောက်၍ မြစိမ်းရောင်စီမံကိန်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းခြင်းနှင့် ကျေးရွာ မြစိမ်းရောင်ကော်မတီများဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းမှာ ကျေးလက်နေ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အထောက်အကူပြုသော စီမံကိန်းတစ်ရပ်ဖြစ်ပြီး တစ်ရွာလျှင် အရင်းမပျောက် မတည်ရန်ပုံ ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာ ၂၀ ရှိ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ကျေးရွာ ၁၅ ရွာကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## ဆားမလောက် အရက်ချက်စက်ရုံအား မအူပင်ခရိုင် စစ်ဆေးရေးအဖွဲ့ စစ်ဆေး



**ညောင်တုန်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်ပါဝင်သော ခရိုင်စစ်ဆေးရေးအဖွဲ့သည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ပန်းလှိုင်မြစ်ကမ်းဘေးရှိ ဆားမလောက်အရက်ချက်စက်ရုံသို့ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲက ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ပန်းလှိုင်မြစ်ကမ်းဘေးရှိ အရက်ချက်စက်ရုံမှ အနံ့ဆိုးများ၊ ဖုန်မှုန့်များနှင့် စက်ရုံမှပန်းလှိုင်မြစ်အတွင်းသို့ စွန့်ပစ်သော ရေဆိုးများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများရှိသည့်အပြင် ပန်းလှိုင်မြစ်အတွင်းမှ ရေများပါ ညစ်ညမ်းပြီး ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသဖြင့်အရက်ချက်စက်ရုံအား ဖယ်ရှားပေးရန် ဆားမလောက်ကျေးရွာ ပြည်သူ ၄၀၀ ကျော်တို့မှ တိုင်ကြားချက်အရ ဧရာဝတီတိုင်းအစိုးရအဖွဲ့နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လာရောက်စစ်ဆေးခဲ့သည့်အပြင် ယခု ခရိုင်စစ်ဆေးရေးအဖွဲ့က ထပ်မံစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဇော် ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် အရက်ချက်စက်ရုံ၌ အရက်များချက်လုပ်ထုတ်လုပ်နေမှုများ၊ ဖုန်မှုန့်များနှင့် အနံ့ဆိုးများပျံ့နှံ့မှု၊ ထုံးရေကြည်ကန်မှတစ်ဆင့် ပန်းလှိုင်မြစ်အတွင်းသို့ ရေဆိုးထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စစ်ဆေးခဲ့သည့်အပြင် အရက်ချက်စက်ရုံမှ တိုက်ရိုက်ထွက်ရှိသော ရေဆိုးနမူနာ၊ ပန်းလှိုင်မြစ်အတွင်း စွန့်ပစ်သော အထက်ပိုင်းနှင့်အောက်ပိုင်း နေရာများမှ ရေနမူနာများကိုလည်း ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ရန် ယူဆောင်သွားကြောင်း သိရသည်။ ထို့ပြင် အရက်ချက်စက်ရုံဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းနှင့် လူနေအိမ်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။

"ဆားမလောက်အရက်ချက်စက်ရုံက ပန်းလှိုင်မြစ်ဘေး၊ ရွာနဲ့အလွန်နီးကပ်နေတော့ ရွာအတွက် ထိခိုက်မှုတွေရှိနေပါတယ်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ၊ အနံ့ဆိုးတွေ ရှူရှိုက်နေရတာကြောင့် ကျန်းမာရေးထိခိုက်နေကြပါတယ်။

အခုလို အရေးယူစစ်ဆေးမှုတွေကို ဆောင်ရွက်တဲ့အတွက်လည်း သင့်လျော်ပါတယ်။ ပြည်သူတွေအန္တရာယ်လျော့နည်းသွားအောင် မကြာမကြာစစ်ဆေးဆောင်ရွက်သင့်ပါတယ်"ဟု ဆားမလောက်ကျေးရွာနေသူတစ်ဦးက ပြောသည်။

**နေလင်း(ညောင်တုန်း)**



## ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**တောင်ငူ ဇူလိုင် ၂၂**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲ တောင်ငူကွပ်ကဲမှုအောက်ရှိ တောင်ငူဘူတာရပ်ဝန်းအနီး လုံးပတ် (၇)ပေခန့်ရှိ စိန်ပန်းပင်သည် ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီခန့်က တောင်ငူဘူတာ မြန်မာ့မီးရထားမှ အများသုံးအခပေး အိမ်သာခေါင်မိုးပေါ်သို့ အမြစ်မှလဲကျခဲ့ရာ ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲမှ တပ်ခွဲမှူး ဒုရဲမှူး ချစ်ကိုကိုဦးစီးတပ်ဖွဲ့ဝင်များ၊ ဘူတာအထူးတန်းရုံပိုင်ကြီး ဦးကျော်နိုင်ဦးစီးသော အဖွဲ့ဝင်များနှင့် တောင်ငူမြို့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ ဦးမျိုးကျော်သူဦးစီးသောအဖွဲ့တို့စုပေါင်း၍ သစ်ပင်အား ခုတ်ထွင်ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# လာမယ့် ပရီမီယာလိဂ်မှာ စောင့်ကြည့်ရမယ့် ကစားသမားသစ်တွေ

မိုးမြင့်လင်းလက်

**၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီမှာ စတင်ခြေချတော့မယ့် ကစားသမားသစ်တွေကတော့ သက်ဆိုင်ရာကလပ်အသင်းတွေဆီ ရောက်ရှိနေကြပြီဖြစ်ပါတယ်။ အသင်းသစ်တွေနဲ့ အတူ လေ့ကျင့်ခန်းဆင်းပြီး ရာသီအကြိုခြေစမ်းပွဲတွေမှာလည်း ပါဝင်ကစားနေကြပြီဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာတော့ နာမည်ကြီးအသင်းတွေကို ပြောင်းရွှေ့ရောက်ရှိလာတဲ့ ကစားသမားတွေအနက် စောင့်ကြည့်ရမယ့် ကစားသမားတွေကတော့ ...**


### လိုရစ်ကာရီယပ်စ်

မိန့်ဇ်အသင်းကနေပြီး ပြောင်းရွှေ့ကြေး ပေါင် ၄ ဒသမ ၇ သန်းနဲ့ လီဗာပူးအသင်းကို ရောက်လာတဲ့ ဂိုး




သမားဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ လိုရစ်ကာရီယပ်စ်ဟာ ဘွန်ဒက်စ်လီဂါကလပ် မိန့်ဇ်အသင်းနဲ့ အတူ လက်စွမ်းပြနိုင်တဲ့အတွက် ပထမဦးစားပေး ဂိုးသမားအဖြစ် ရပ်တည်နေခဲ့သူဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ်ကတည်းက ပထမဦးစားပေးဂိုးသမားအဖြစ် နေရာရရှိလာသူတစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့ဘွန်ဒက်စ်လီဂါမှာ မိန့်ဇ်အသင်းအတွက် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ပြိုင်ဘက်တိုက်စစ်မှူးရဲ့အပိုင်ကန်သွင်းမှုကို အခွင့်အရေးမပေးဘဲ စွန့်စွန့်စားစား ကာကွယ်ဟန့်တားနိုင်သူတစ်ဦးဖြစ်လို့ လီဗာပူးနည်းပြ ကလော့က ခေါ်ယူခဲ့တာဖြစ်ပါတယ်။

### ဂရာနစ်ဇာခါ




ဂလာဘတ်အသင်းကနေပြီး ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းနဲ့ အာဆင်နယ်အသင်းကို နည်းပြ အာစင်ဝင်းဂါးက ခေါ်ယူခဲ့တဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံသား အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ ဂရာနစ်ဇာခါဟာ ဘေဆယ်အသင်းမှာ စတင်ပါဝင်ကစားခဲ့ပြီး ပြည်တွင်းလိဂ်ဖလားနှစ်ကြိမ်၊ ပြည်တွင်းရှုံးထွက်ဖလားတစ်ကြိမ် ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဂလာဘတ်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ကစားရင်း ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဂလာဘတ်အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ကြိုးစားပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဂရာနစ်ဇာခါရဲ့ အားသာချက်က ကွင်းလယ်ကနေပြီး ပြိုင်ဘက်တိုက်စစ်လမ်းကြောင်းကို ဟန့်တားဖြတ်တောက်နိုင်သူဖြစ်သလို ကစားဖော်တွေ ဂိုးသွင်းနိုင်အောင်လည်း တိကျတဲ့ ဘောလုံးပေးပို့မှုတွေ ပြုလုပ်ပေးနိုင်သူဖြစ်ပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်က အာဆင်နယ်အသင်းကို ဘယ်လောက်အထိ အောင်မြင်မှုရအောင် ပံ့ပိုးပေးနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။

### အီကေးဂန်ဒိုဂန်




ဒေါ့မွန်အသင်းကနေပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ မန်စီးတီးအသင်းကို ရောက်ရှိလာတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ဂန်ဒိုဂန်ဟာ ဘိုချမ်အသင်းမှာ စတင်ကစားခဲ့ပြီး နူရင်ဘတ်အသင်းကို ၂၀၀၉ ခုနှစ်မှာ ပြောင်းရွှေ့ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဒေါ့မွန်အသင်းကို ထပ်မံပြောင်းရွှေ့ခဲ့ပြီး ပြည်တွင်းဖလားနှစ်ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ရောက်ရှိအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ ဒေါ့မွန်အတွက် ၁၅၇ ပွဲကစားပေးခဲ့ပြီး ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့သလို ဂိုးဖန်တီးမှု ၂၁ ကြိမ်လည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကွင်းလယ်အပြင် နေရာစုံမှာ ကစားနိုင်ပြီး ဘောလုံးထိန်းသိမ်းမှုနဲ့ ဖြန့်ဝေပေးနိုင်မှုတွေမှာ အများအယွင်းနည်းပြီး ထူးချွန်တဲ့ ကစားသမားတစ်ဦးဖြစ်တာမို့ မန်စီးတီးမှာ ဘယ်လိုအံ့အားသင့်စရာတွေ လုပ်ဆောင်ပြမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### အဲရစ်ဘိုင်လီ




ဗီလာရီးရဲအသင်းကနေပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ နဲ့ မန်ယူအသင်းကို ရောက်ရှိလာတဲ့ နောက်ခံကစားသမားဖြစ်ပါတယ်။ ခံစစ်တောင့်တင်းဖို့ ပြင်ဆင်နေတဲ့ နည်းပြသစ်မော်ရင်ဟိုဟာ ဘိုင်လီကို ရအောင်ခေါ်ယူခဲ့တာဖြစ်ပြီး အမြင့်ဘောတွေရှင်းထုတ်တဲ့ နေရာမှာ ထူးချွန်တဲ့ ကစားသမားတစ်ဦးအဖြစ် ယုံကြည်အားထားနေသူဖြစ်ပါတယ်။ အက်စ်ပန်ညိုအသင်းမှာ ကစားသမားဘဝကို စတင်ခဲ့တဲ့ အိုင်ဗရီကို့စ်လူငယ် အဲရစ်ဘိုင်လီဟာ ၂၀၁၅ ခုနှစ်မှာ ဘိုင်ဗရီကို့စ်အသင်းနဲ့အတူ အာဖရိကဖလားချန်ပီယံဆုကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အဲရစ်ဘိုင်လီဟာ သန်မာကြံ့ခိုင်ပြီး လျင်မြန်တဲ့ အပြင် နောက်တန်းမှာ အမှားအယွင်းအနည်းဆုံးကစားနိုင်တဲ့ ခံစစ်မှူးတစ်ဦးဖြစ်ပါတယ်။ မန်ယူအတွက် လိုအပ်နေတဲ့ နောက်တန်းအားနည်းမှုကို အဲရစ်ဘိုင်လီက စွမ်းဆောင်ရည်မြင့်မြင့်နဲ့ တာဝန်ကျေပွန်တာတွေ့မြင်ရပါလိမ့်မယ်လို့ နည်းပြမော်ရင်ဟိုက ပြောနေပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်မှာ စတင်ခြေချလာတဲ့ ကစားသမားသစ်တွေဟာ အသင်းကို ဘယ်လောက်အထိ အကျိုးပြုပြီး အောင်မြင်မှုတွေ ရယူဆောင်ကြဉ်းပေးနိုင်မလားဆိုတာကတော့ လာမယ့်ဩဂုတ်လမှာ စတင်ကျင်းပတော့မယ့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ တွေ့မြင်ရတော့မှာပဲဖြစ်ပါတယ်။ ။



# အင်္ဂလန်နည်းပြဖြစ်လာနိုင်တဲ့ ဆမ်အလာဒိုက်စ်

ဆန်းဒါးလန်းနည်းပြသစ် အလာဒိုက်စ်ကို အင်္ဂလန်နည်းပြအဖြစ် တရားဝင်ကမ်းလှမ်းတော့မှာဖြစ်ပါတယ်။ အက်ဖ်အေအနေနဲ့ ဆန်းဒါးလန်းကို တရားဝင်ချဉ်းကပ်နေပြီလို့ ဆိုပါတယ်။ ဆန်းဒါးလန်းနဲ့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က တာဝန်ရှိသူတွေ ညှိနှိုင်းဆွေးနွေးမှုတွေ စတင်လုပ်ဆောင်နေပါတယ်။ ဆမ်အလာဒိုက်စ်ဟာ ရွိုင်ဟော့ဆန်ရဲ့ အင်္ဂလန်နည်းပြနေရာကို ဆက်ခံဖွယ်ရှိနေပါတယ်။ ဆမ်အလာဒိုက်ဇ်နဲ့ ဆန်းဒါးလန်းတို့ဟာ လက်ရှိစာချုပ်အရ သက်တမ်း ၁၅ လ ကျန်ရှိနေပါတယ်။ ဒီအတွက် အက်ဖ်အေနဲ့ ဆန်းဒါးလန်းတာဝန်ရှိသူတွေဟာ စာချုပ်သက်တမ်းကိစ္စ၊ လျော်ကြေးပေးရေးကိစ္စတို့ကို ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ အက်ဖ်အေတာဝန်ရှိသူတွေအနေနဲ့ကတော့ အသက် ၆၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆမ်အလာဒိုက်စ်ကို အင်္ဂလန်နည်းပြ ခန့်အပ်ရန် အသင့်တော်ဆုံးလို့ ဆုံးဖြတ်ထားတာပါ။ ဒီအတွက်လည်း ဆမ်အလာဒိုက်ဇ်ဟာ အင်္ဂလန်နည်းပြအဖြစ် အမှန်ပဲဖြစ်လာဖို့ နီးစပ်နေပါတယ်။ သူဟာ အတွေ့အကြုံအရရော အသက်အရွယ်အရပါ အင်္ဂလန်နည်းပြဖြစ်ထိုက်တယ်လို့ ဆိုပါတယ်။


# တိုက်စစ်မှူး မိုရာတာကို ခေါ်ယူလိုတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးနည်းပြသစ် ကွန်တီက လာမယ့်ရာသီမှာ သူ့ရဲ့အသင်းကို အကောင်းဆုံးဖြစ်ဖို့ ပြင်ဆင်နေဆဲပါ။ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ အယ်လ်ဗာတိုမိုရာတာကို ချယ်လ်ဆီးက ဒုတိယအကြိမ်အထိ ကမ်းလှမ်းရာမှာ ရီးရဲမက်ဒရစ်က ပယ်ချခဲ့ပါတယ်။ ချယ်လ်ဆီးက ပေါင်သန်း ၅၀ နဲ့ တစ်ကြိမ်၊ ပေါင် ၆၂ ဒသမ ၇ သန်းနဲ့ တစ်ကြိမ် နှစ်ကြိမ်ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သို့သော်လည်း ချယ်လ်ဆီးက ရိုမီလူကာကူကို ခေါ်ယူဖို့လည်း စဉ်းစားနေတယ်လို့ဆိုပါတယ်။ မိုရာတာဟာ စီးရီးအေကလပ်ဂျူဗင်တပ်စ်ကနေ ပေါင် ၂၃ သန်းနဲ့ ရီးရဲမက်ဒရစ်ကို ပြောင်းလာခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးက တိုက်စစ်မှူး မိုရာတာအား အဆမတန်ငွေပုံအောပေးခေါ်ခဲ့ပေမယ့် ရီးရဲမက်ဒရစ်က လက်မခံဘဲ ပယ်ချခဲ့ပါတယ်။ ချယ်လ်ဆီးတို့အနေနဲ့ ရီးရဲမက်ဒရစ်က အကြိမ်ကြိမ်ငြင်းဆိုခဲ့ပေမယ့် တိုက်စစ်မှူး မိုရာတာကို ခေါ်ယူဖို့ စိတ်အားထက်သန်နေသေးတယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ ချယ်လ်ဆီးအနေနဲ့ ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးက ထွက်ခွာသွားတဲ့ အဲဗာတန်တိုက်စစ်မှူး လူကာကူကိုလည်း ခေါ်ယူဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# ခေါ်သူမရှိဖြစ်နေတဲ့ ဂျရတ်ရဲ့အဖြစ်




လီဗာပူးအသင်းနဲ့အတူ နှစ်ပေါင်းများစွာ လက်တွဲခဲ့တဲ့ကွင်းလယ်ကစားသမားကြီး ဂျရတ်ဟာ အမေရိကန်ကလပ် အယ်လ်အေဂလက်စီနဲ့ ခြောက်လကြာစာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။

လီဗာပူးနည်းပြ ဂျာဂျင်ကလော့နဲ့ အဆက်အသွယ်ရှိပေမယ့် လီဗာပူးအသင်းမှာကစားဖို့ ကမ်းလှမ်းမှုတော့ မရှိသေးဘူးလို့ ဆိုပါတယ်။ အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ ကွင်းလယ်ကစားသမားကြီး ဂျရတ်ဟာ ခေါ်သူမရှိဖြစ်နေပါတယ်။ ဂျရတ်ဟာ သူ့ရဲ့အသင်းဟောင်းဖြစ်တဲ့ လီဗာပူးကို ပြန်လိမ့်မယ်လို့ ထင်ကြေးပေး ပြောဆိုနေကြပါတယ်။ သို့ပေမယ့် နည်းပြ ဂျာဂျင်ကလော့ကတော့ တရားဝင် ကမ်းလှမ်းလာမှုမရှိသေးဘူးလို့ဆိုပါတယ်။ ဂျာဂျင်ကလော့နဲ့ အလုပ်လုပ်ဖို့ ဆုံးဖြတ်ချက်တော့မရှိသေးဘူးလို့ ဂျရတ်က ဆိုပါတယ်။ ဂျရတ်ဟာ လီဗာပူးအသင်းမှာ နည်းပြဘင်နီတက်ဇ်လက်ထက်မှာ အောင်မြင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ချန်ပီယံလိဂ်ဖလားရရှိသည်အထိ ကစားပေးနိုင်ခဲ့သူဖြစ်ပါတယ်။

# မြစ်ကြီးနားအကျဉ်းထောင်တွင် (၈၅)ကြိမ်မြောက် ဝိပဿနာ ၁၀ ရက် တရားစခန်းဖွင့်

**မြစ်ကြီးနား ဇူလိုင် ၂၂**
အကျဉ်းဦးစီးဌာန မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသားများ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ခွင့်ရနိုင်ရန်အတွက် (၈၅)ကြိမ်မြောက် ဝိပဿနာ ၁၀ရက်တရားစခန်းကို ဇူလိုင် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



တရားစခန်းဖွင့်ပွဲတွင် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် အောင်တော်မူကျောင်းတိုက် မြို့နယ်သံဃနာယက ဆရာတော်ဦးကောဝိဒထံမှ မြစ်ကြီးနားအကျဉ်းထောင် ထောင်ပိုင်ကြီး ဦးလှဝင်းမောင်နှင့် ဝန်ထမ်းများ၊ အကျဉ်းသားများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ထောင်ပိုင်ကြီးနှင့် အကျဉ်းသားများအား သြဝါဒမိန့်ကြားသည်။ ထို့နောက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ထောင်ပိုင်ကြီးနှင့်အကျဉ်းသားများက ဆရာတော်အား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တရားစခန်းကို ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တရားစခန်းဝင် အကျဉ်းသား ၅၀ အား ဘုရားဝတ်ပြုခြင်း၊ တရားထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်း၊ ဝိပဿနာတရားနာကြားခြင်း၊ တန်းပိတ်ဘုရားဝတ်ပြုခြင်းနှင့် ဝိပဿနာရှုမှတ်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်းများကို ဆရာတော် ဦးကောဝိဒက ညွှန်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**မင်းရာဇာ**

# ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ကျောင်းကန်ဘုရားများ၌ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းကပ်သူများဖြင့် စည်ကား

**ကျောက်ပန်းတောင်း ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့က ဗုဒ္ဓဘာသာဝင်တို့၏ ရိုးရာဓလေ့အရ ဘုရားကျောင်းများ၊ ရပ်ကွက်ဓမ္မာရုံများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်သံများ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်သည့် အမျှပေးဝေသံများဖြင့် စည်ကားသိုက်မြိုက်ခဲ့သည့်နည်းတူ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ဖြစ်သော ဇူလိုင် ၂၀ ရက်တွင်လည်း ဘုရားတန်ဆောင်း၊ ကျောင်း၊ ကန်များ၌ ဝါဆိုပန်းဆက်ကပ်သူများ၊ ဝါဆိုပေါက်ပေါက် ကြဲပက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ရောက်တိုင်း ဒေသခံပြည်သူများအနေဖြင့် မြို့ပေါ်ရှိ သမိုင်းဝင်ဘုရားများဖြစ်သော မဟာစေတီကြီးဘုရား၊ ကုန်းတော်ကြီးဘုရား၊ မြရွှေဂူဘုရား၊ ရွှေတောင်ဦး၊ရွှေမြင်တင်ဘုရားများအပြင် မြို့ဦးစေတီဘုရားနှင့် ဣစ္ဆိတံဘုရားများသို့ သွားရောက်လေ့ရှိကြသည်။ ထို့နောက် ကလေးလူကြီးများပါမကျန် ပျော်ရွှင်စရာခရီးတစ်ခုအဖြစ် ဂေါင်းဒီတောင်ပေါ်သို့ တပျော်တပါး တက်ရောက်ကြပြီး ဝါဆိုပန်း၊ ဝါဆိုပေါက်ပေါက်များ ကြဲပက်ကပ်လှူကြကြောင်း သိရသည်။

ထိုသို့ ဝါဆိုပန်း၊ ဝါဆိုပေါက်ပေါက်လာရောက်လှူဒါန်းကြသူများအား အာဟာရဒါနအဖြစ် ကျွေးမွေးဧည့်ခံနိုင်ရန် သက်ဆိုင်ရာ ဘုရားအကျိုးတော်ဆောင်များကလည်းကောင်း၊ အလှူရှင်လူငယ်များ စုပေါင်း၍လည်းကောင်း၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး၊ တို့ဟူးသုပ်၊ လက်ဖက်သုပ်၊ ချင်းသုပ်စသည့် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြပြီး မွန်းတည့် ၁၂ နာရီခန့်မှ ညနေ ၄ နာရီခန့်အထိတွင် ရောက်ရှိလာသမျှ အယုတ် အလတ် အမြတ် မရွေး ဧည့်ခံကျွေးမွေး လှူဒါန်းကြကြောင်းလည်း သိရသည်။

မဟာစေတီကြီးဘုရားမှ အကျိုးတော်ဆောင် ဦးအောင်သိန်းက ဧည့်ခံကျွေးမွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ "ကလေးတွေကတော့ နေ့လယ် ၁၂ နာရီဝန်းကျင်လောက်ကတည်းက သူ့အဖွဲ့နဲ့သူ တဖွဲဖွဲရောက်လာကြတာပဲ။ နေ့ခင်း တစ်နာရီခွဲ၊ နှစ်နာရီလောက်ကျတော့ ထိုင်စရာတောင်မရှိတော့ဘူး။ ကလေးတွေ အလုအယက်ဝင်ကြတာ။ နှစ်တိုင်း ကြာဆံကြော်ကျွေးတာပါ။ ဒီနှစ်လည်း ကြာဆံကြော်ပဲ။ မိုးပြဲဒယ်အကြီးကြီးတွေနဲ့ စုစုပေါင်းဒယ် ၂၀ ကုန်တယ်"ဟု ပြောသည်။
**နေအောင်(iprd)**

# မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးမှု တောင်သူပညာပေးကွင်းသရုပ်ပြ

**ဝမ်းတွင်း ဇူလိုင်၂၂**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ရှိ ရွှေတောင်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ မိုးကြိုချည်မျှင်ရှည်ဝါ သုတေသနစိုက်ခင်းများနှင့် ငွေချည်-၆ မိဘမျိုးစေ့(Breeder Seed)မျိုးသန့်မျိုးပွားစိုက်ခင်းများ ဖြစ်ထွန်းမှုအခြေအနေ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ ဒေသတွင်း ကျေးရွာအုပ်စု ငါးခုမှ တောင်သူ ၂၀၀ ခန့် တက်ရောက်ပြီး သရုပ်ပြပွဲတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထိန်က အမှာစကားပြောကြားသည်။ ထို့နောက် ရွှေတောင်ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ သုတေသနတာဝန်ခံ ဒေါ်သန်းသန်းနုက ရွှေတောင်-၈၊ ငွေချည်-၉ ဝါမျိုးသစ် ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ခြံတာဝန်ခံ ဦးစိုးသိန်းက ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉ ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့များကို တောင်သူများအား နှစ်စဉ်ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးခြင်းအားဖြင့် တစ်ဧက ပိဿ ၁၀၀၀ ထွက်ရှိနိုင်ပုံနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ရွှေတောင် ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံမှ ဝန်ထမ်းများအနေဖြင့် ဒေသအသီးသီးရှိ ဝါသီးနှံ အကျိုးပြုတောင်သူများထံသို့ အဆင့်မြင့် ဝါမျိုးသန့်မျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးပေးနေပြီး သုတေသနလုပ်ငန်းများမှ ဝါသီးနှံစိုက်ဒေသများနှင့် ကိုက်ညီမည့် ဝါမျိုးသစ်များ ပေါ်ထွန်းနိုင်ရေးအတွက် အစဉ်တစိုက် သုတေသနပြုမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ငွေလှိုင်(ဝမ်းတွင်း)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးမှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ကျောက်ဆည် ဇူလိုင် ၂၂**
ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသူ ကျောင်းသားများ၊ ကျောင်းစျေးသည်များနှင့် ဆရာ ဆရာမများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်းနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကို ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၂၀ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအေးလင်းက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးစိုးမိုးက စားသုံးသူများအတွက် အကာအကွယ်ပေးထားသော ဥပဒေများအကြောင်းကိုလည်းကောင်း၊ ဌာနခွဲတာဝန်ခံ ဦးဇော်မင်းလတ်က အစားအသောက်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ လိုက်နာရမည့် စည်းကမ်းချက် (၁၇)ချက်အကြောင်းနှင့် စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှူး ဦးမြင့်ထူးက အစားအသောက်များတွင် ပါဝင်သည့် ဆိုးဆေးများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ အကြောင်းများကို ရှင်းလင်းဟောပြောခဲ့သည်။ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် ပြည်သူများ ကျန်းမာရေးအသိပညာများ တိုးပွားစေရန်အတွက် အခြားဦးစီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းအပါအဝင် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဧပြီ ၁ ရက်မှစ၍ ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် မန္တလေးခရိုင်များတွင် ပြည်သူများ ကျန်းမာရေးအသိပညာများ တိုးတက်ရေးအတွက် ကွင်းဆင်းဟောပြောမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇူလိုင် ၂၁ ရက်တွင်လည်း မြစ်သားမြို့နယ် ကူမဲ အထကကျောင်းနှင့် ပြင်ဦးလွင်မြို့ အထက(၂)ကျောင်းများ၌ အဖွဲ့များခွဲကာ အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၁၀)**



# ကျေးရွာမြေငှားဂရန်များပေးအပ်

**မြင်းခြံ ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သစ်ပင်ရှည်ကျေးရွာမှ ပြည်သူများအတွက် မြေငှားဂရန်များကို ဇူလိုင် ၂၀ ရက်က ကျေးရွာဓမ္မာရုံ၌ ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များထုတ်ပေးရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက နိုင်ငံတော်အနေဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး မြေငှားဂရန်များကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ မြေငှားဂရန်များ ပြုလုပ်ထားခြင်းဖြင့် မိမိတို့လုပ်ငန်းများတွင် အရင်းအနှီးများလိုအပ်ပါက ဘဏ်များနှင့်ဆက်သွယ်၍ ငွေချေးယူကာ လုပ်ငန်းများအတွက် ရင်းနှီးနိုင်မည်ဖြစ်ကြောင်း၊ ယခင်က ကျေးရွာများကို မြေငှားဂရန်ထုတ်ပေးခြင်းမရှိဘဲ မြို့ပြများတွင်သာ ထုတ်ပေးခြင်း၊ ကျေးရွာမြေငှားဂရန်များကို ယခင်နှစ်မှစတင်၍ ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သစ်ပင်ရှည်ကျေးရွာမှ မြေငှားဂရန်လျှောက်ထားသူများမှ သတ်မှတ်စည်းကမ်းချက်များနှင့် ပြည့်စုံသည့် မြေငှားဂရန် ၁၁၄ စောင်ကို ဂရန်လျှောက်ထားသူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ဓမ္မစကူးလ် ယဉ်ကျေးလိမ္မာ အပတ်စဉ်သင်တန်းဖွင့်

**မလှိုင် ဇူလိုင် ၂၂**
မလှိုင်မြို့ ရွှေသိမ်တော် မဟာစည်သာသနာ့ရိပ်သာ၌ ဓမ္မစကူးလ်ယဉ်ကျေးလိမ္မာ အပတ်စဉ်သင်တန်းကို ဇူလိုင် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

"ဓမ္မစကူးလ်ယဉ်ကျေးလိမ္မာအပတ်စဉ်သင်တန်းကို ရွှေသိမ်တော်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော်က တာဝန်ခံဖွင့်လှစ်ပေးတာပါ။ ဇွန်လ ပထမအပတ်ကတည်းက စပြီးဖွင့်နေတာပါ။ ဖွင့်ပွဲကို ဒီနေ့မှ လုပ်ဖြစ်တာပါ၊ ဝါမဝင်ခင်က အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီကနေ ၁၀ နာရီခွဲအထိ သင်ကြားပေးပြီးတော့ ဝါတွင်းကာလမှာ အဖိတ်နေ့တိုင်း သင်ကြားပေးသွားမှာဖြစ်ပါတယ်။ အာဟာရဒါနကုသိုလ်ရှင်များကလည်း အလှည့်ကျတာဝန်ယူ လှူဒါန်းလျက်ရှိပါတယ်"ဟု သင်တန်းနာယက ဦးကျော်ငြိမ်းက ပြောသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး မလှိုင်မြို့ လေးမျက်နှာကျောင်းတိုက် ပဓာနနာယကဆရာတော်က သြဝါဒကထာမိန့်ကြားသည်။ ထို့နောက် ရွှေသိမ်တော်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို မိန့်ကြားသည်။ သင်တန်းသို့ မလှိုင်မြို့ပေါ်ရပ်ကွက်များနှင့် ကံကြီးကျေးရွာရှိ ပထမတန်းမှ ပဥ္စမတန်းအထိ ကျောင်းသား ကျောင်းသူ ၄၅၇ ဦး တက်ရောက်လျက်ရှိကာ သင်တန်းကို ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများအတိုင်း သင်တန်းဆရာ ၁၄ ဦးဖြင့် အပတ်စဉ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလအနေဖြင့် ရက်သတ္တပတ် ၄၀ ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**



**ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရောမင်းခန်းမ၌ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများကို ဒုတိယအကြိမ်မြောက်အဖြစ် ဇူလိုင် ၂၀ ရက်က စတင်ထိုးနှံပေးလျက်ရှိရာ ဆေးထိုးခံနေသော ရဲဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။**(ကာကွယ်ဆေးများကို မြို့ပေါ်ရှိ သံဃာတော်နှင့် သီလရှင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ စုစုပေါင်း ၈၉၅ ဦးအား ထိုးနှံပေးသွားမည်ဖြစ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဆရာမ ငါးဦးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် စနစ်တကျ ထိုးနှံပေးလျက်ရှိသည်။)
**သတင်းဓာတ်ပုံ - နေဝင်းမြင့်(ပြန်/ဆက်)**

## သတင်းတိုများ

### ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရန် အမှိုက်များရှင်းလင်း

တာမွေမြို့နယ် ဗျိုင်းရွာမကွက်သစ် ၁၅၁ လမ်းအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ပြီး သန့်ရှင်းမှုရှိစေရန်အတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးကြီးကြပ်၍ စည်ပင်သာယာရေးဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်းရှိ လမ်းသာယာရေးအဖွဲ့ဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသဖြင့် လုပ်ငန်းများ ပို၍ထိရောက်အောင်မြင်မှုရှိပြီး မြောင်းများအတွင်းမှ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်အောင် ရှင်းလင်းနိုင်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောသည်။ **လှလှ**

### ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်

ကြည့်မြင်တိုင်မြို့နယ် ပန်းတည်းတန်း အရဏ်တော်ဝတ်အသင်းက ကြီးမှူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရွှေပြားသင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် အလှူခံလျက်ရှိရာ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဝင်း-ဒေါ်သိန်းမိသားစု(ဝင်းမေတ္တာရုပ်ရှင်ထုတ်လုပ်ရေး)က ရွှေသင်္ကန်းသုံးကျပ်သားအတွက် အလှူငွေကျပ် ၁၈ သိန်းကို အသင်းတာဝန်ရှိသူများထံသို့ ဇူလိုင် ၁၉ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုကြီးတင်**

### ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်များ၏ သားသမီးများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးအပါအဝင် ဂုဏ်ထူးရကျောင်းသား ၁၂ ဦးအား တစ်ဘာသာလျှင် ကျပ်သုံးသောင်းနှုန်းဖြင့်လည်းကောင်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအောင် ကျောင်းသား ကျောင်းသူ ၄၈၀ အား တစ်ဦးလျှင် မူလတန်းအတွက် ကျပ် ၁၀၀၀၀၊ အလယ်တန်းအတွက် ကျပ် ၁၂၀၀၀ နှင့် အထက်တန်းအတွက် ကျပ်တစ်သောင်းခွဲစီဖြင့်လည်းကောင်း ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးစောထွန်း(ငြိမ်း)က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျေးရွာခုနစ်ရွာအတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ပေးအပ်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာခုနစ်ရွာ၌ အကောင်အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ရန်ပုံငွေ ကျပ်သိန်း ၂၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲမင်းအောင်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ရန်ပုံငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျေးရွာမြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာ၌ အကောင်အထည်ဖော်ထားပြီး ယခုထပ်မံ၍ ကျေးရွာခုနစ်ရွာတွင် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(iprd)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေး

**ကလေး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ် အောင်ဇေယျရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းလှမျိုးနှင့် ဝန်ထမ်းများက ဇူလိုင် ၁၂ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ၅၈ ဦး၊ ကျောင်းသူ ၆၈ ဦး စုစုပေါင်း ၁၂၆ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးနိုင်ခဲ့ပြီး ပြုလုပ်ပေးရန် ကျန်ရှိသော ကျောင်းသားကျောင်းသူများအတွက်လည်း အခါအားလျော်စွာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား ကျောင်းအရောက်ကွင်းဆင်းကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသဖြင့် ကျောင်းသားကျောင်းသူများ ပညာရေးကိုမထိခိုက်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိခြင်းကြောင့် ကျောင်းသားမိဘများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**



# သထုံမြို့နယ်၌ ယာဉ်စည်းကမ်းပညာပေးလုပ်ငန်းများဆောင်ရွက်စဉ် လိုင်စင်မဲ့ကားသုံးစီးကို တစ်မနက်အတွင်း ဖမ်းဆီးရမိ

**သထုံ ဇူလိုင် ၂၂**

သထုံခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက် မြို့အဝင် ကျွန်းတောကွေ့အနီး ဘားအံ-သထုံ ကားလမ်းပေါ်၌ သထုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း အဖွဲ့တို့က ယာဉ်စည်းကမ်းပညာပေးလုပ်ငန်းများကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ် လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။



ဖမ်းဆီးရမိခဲ့သော စူပါကာစတန်ယာဉ်

မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းစေရေးအတွက် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းသူများနှင့် စည်းကမ်းမဲ့မောင်းနှင်သူများအား ပညာပေးလုပ်ငန်းအနေဖြင့် ယာဉ်များကို ရှောင်တခင်စစ်ဆေးစဉ် လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးကို အရေးယူနိုင်ခဲ့ခြင်းဖြစ်သည်။ "ပြည်သူတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ပိုမိုသိရှိနားလည်လာဖို့ ဒီလိုပညာပေးလုပ်ငန်းတွေ လုပ်နေတာပါ။ ခုဟာက ပညာပေးလုပ်ငန်းလုပ်နေတဲ့အချိန်မှာ ဖြတ်လာတာတွေ့လို့ စစ်ဆေးတော့ လိုင်စင်မဲ့ယာဉ်တွေဖြစ်နေလို့ ဖမ်းလိုက်တာ"ဟု သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းက ပြောသည်။

ဖမ်းမိသော ယာဉ်သုံးစီးမှာ ဘားအံဘက်မှ အောင်မိုးထွန်း မောင်းနှင်လာသော ယာဉ်အမှတ် MON 3D/---- ပရိုဘောက်စ်ယာဉ်၊ ချမ်းမြေ့ မောင်းနှင်လာသော ယာဉ်အမှတ် 2A/---- ဟိုင်းလက်စ်ယာဉ်နှင့် တင်မင်းထွန်း မောင်းနှင်လာသော ယာဉ်အမှတ် YGN 9L/ ---- စူပါကာစတန်ယာဉ်များဖြစ်သည်။ ထိုယာဉ်သုံးစီးကို ရပ်တန့်စစ်ဆေးရာတွင် ယာဉ်နှင့်ပတ်သက်သော အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သထုံမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် ဇူလိုင်လအတွင်း ယနေ့အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်း ခုနစ်ကြိမ်ခန့် ဆောင်ရွက်ခဲ့ပြီး ယာဉ်စည်းကမ်းမလိုက်နာသည့် ဆိုင်ကယ် မောင်းနှင်သူ ၄၀၀ ခန့်အား ပညာပေးအရေးယူခြင်းများ ဆောင်ရွက်ပြီးဖြစ်ကာ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးကို ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပြဋ္ဌာန်းထားသောစည်းမျဉ်း၊ စည်းကမ်းများကို ကာရာအိုကေဆိုင်အချို့လိုက်နာမှုအားနည်းနေ

**မုံရွာ ဇူလိုင် ၂၂**

မုံရွာမြို့ပေါ်တွင် ကာရာအိုကေ အပန်းဖြေစီးပွားရေးလုပ်ငန်းများကို အမျိုးအစား ၅၀ နီးပါးခန့် ဖွင့်လှစ်ထားသော်လည်း သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများကို လုပ်ငန်းရှင်အနည်းငယ်ကသာ လိုက်နာကြပြီး ကျန်ရှိသည့်ဆိုင်များမှာ သက်ဆိုင်ရာက ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီမှု အားနည်းလျက်ရှိကြောင်း သိရသည်။




မုံရွာခရိုင်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်သော မုံရွာမြို့ပေါ်မှ ကာရာအိုကေအပန်းဖြေလုပ်ငန်းရှင်များအား မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲတွင် မုံရွာခရိုင်ရဲအရာရှိများက အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားကြခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ကာရာအိုကေအပန်းဖြေလုပ်ငန်းရှင်များ အစည်းအရုံးတွင် အစည်းအရုံးဝင်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများတွင် လုပ်ငန်းရှင်အနည်းငယ်သာ ပါဝင်လုပ်ကိုင်နေကြကာ ကျန်ရှိသည့်ဆိုင်များမှာ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုအားနည်းနေကြောင်း ရဲအရာရှိများထံမှ သိရသည်။

"အခွန်ထမ်း စီးပွားရေးလုပ်ငန်းတွေကို ဥပဒေအရ အကာအကွယ်ပေးဖို့လိုသလို သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်ရင်၊ မလိုက်နာရင်လည်း ဥပဒေအရ အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်"ဟု မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်က အဆိုပါဟောပြောပွဲတွင် မှုခင်းကျဆင်းရေး အသိပညာပေးပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။ ဟောပြောပွဲသို့ တိုင်းဒေသကြီး ကာရာအိုကေ အပန်းဖြေလုပ်ငန်းရှင်များအစည်းအရုံး(ယာယီ)တွင် အသင်းဝင်ထားသော လုပ်ငန်းရှင်များထဲမှ အသင်းဝင်သုံးဦးမှလွဲ၍ ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးပညာပေး

**မန္တလေး ဇူလိုင် ၂၂**

ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ တပ်ဖွဲ့ဝင်များအနေဖြင့် ဧရာဝတီမြစ်ကြောင်းအတွင်း ပြေးဆွဲသော ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ကြောင်းအတွင်းရှိ မင်းကွန်း၊ မရမ်းခြံ၊ ဂေါဝိန်နှင့် ရွှေကြက်ယက်ဆိပ်ကမ်းများသို့ ဝင်ရောက်သော ခရီးသည်တင်နှင့် ကုန်တင်ရေယာဉ်များ၏ အဝင်အထွက်ကို စိစစ်ခြင်း၊ ရေယာဉ်လိုင်စင်နှင့် ယာဉ်အမျိုးအစား ကွဲလွဲမှုများကို စစ်ဆေးခြင်း၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေများကို သိရှိလိုက်နာရန် ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ဇူလိုင် ၁၉ ရက်ကလည်း ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး) တပ်ဖွဲ့ဝင်ကင်းလှည့် ရေယာဉ်(၁၅၂)မှ ရေယာဉ်မှူး ရဲမှူး သန်းနိုင်ဦးနှင့်အဖွဲ့၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်ဦးနှင့်အဖွဲ့၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အမရပူရမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ရွှေကြက်ယက် ဆိပ်ကမ်းနှင့် ဂေါဝိန်ဆိပ်ကမ်းများ၌ ကျောက်ချရပ်နားထားသော ရေယာဉ်များကို ရေကြောင်းသွားလာမှု အန္တရာယ်ကင်းစေရေးအတွက် စနစ်တကျပြေးဆွဲရန်၊ သတ်မှတ်စည်းကမ်းများကို လိုက်နာရန် အသိပညာပေး ဆွေးနွေးခဲ့ကာ တရားမဝင် လိုင်စင်မဲ့ရေယာဉ်များ လျော့နည်းစေရန် ပညာပေးခြင်းနှင့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# စဉ့်ကူးမြို့နယ်၌ ကျေးရွာမြေငှားဂရန်များထုတ်ပေး

**စဉ့်ကူး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု တလိုင်းငုတ်ကျေးရွာမှ ဒေသခံပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များကို မြို့နယ် မြေငှားဂရန်ထုတ်ပေးရေး ကြီးကြပ်မှုကော်မတီက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များ ထုတ်ပေးရာတွင် ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက ဂရန်များထုတ်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခဲ့ပုံကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တလိုင်းငုတ်ကျေးရွာမှ အိမ်ထောင်စု ၇၀ အတွက် မြေငှားဂရန်များကို သက်ဆိုင်ရာ အိမ်ထောင်ဦးစီးများထံ တစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။

**ဝင်းမောင်**

# တယ်လီနောအသုံးပြုသူများအတွက် Postpaid ဝန်ဆောင်မှု စတင်ရန်စီစဉ်နေ

**ရန်ကုန် ဇူလိုင် ၂၂**

တယ်လီနောမိုဘိုင်းဝန်ဆောင်မှုကို အသုံးပြုနေသူများ ပို၍အဆင်ပြေစေရန်အတွက် လက်ရှိအသုံးပြုနေသည့် ငွေဖြည့်ကတ်ဖြင့် ငွေသွင်းသောစနစ်အပြင် လစဉ်ငွေပေးဝန်ဆောင်မှုစနစ်(Postpaid) ကိုပါပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း တယ်လီနောမြန်မာမှ သိရသည်။

Postpaid အစီအစဉ်အတွက် တစ်ဦးချင်းစီ သုံးစွဲမှုနှင့် အဖွဲ့အစည်းအလိုက် သုံးစွဲမှုဟု အစီအစီအစဉ်နှစ်မျိုးကို ရယူနိုင်မည်ဖြစ်ပြီး ငွေဖြည့်ကတ်ဖြင့် ငွေသွင်းသောစနစ်ထက် အားသာချက်များ ရှိမည်ဖြစ်ကြောင်း သိရသည်။ သတ်မှတ်ထားသော တယ်လီနောနံပါတ် ငါးလုံးသို့ တစ်မိနစ်လျှင် ၁၂ ကျပ်နှုန်းဖြင့် ဖုန်းခေါ်ဆိုခွင့်အပါအဝင် အခြားအခွင့်အရေးများ၊ သတ်မှတ်ပမာဏအထိ လစဉ်အခမဲ့ မြန်နှုန်းမြင့်အင်တာနက်၊ လစဉ်အခမဲ့ My Tune ဝန်ဆောင်မှု၊ Capture App ဖြင့် အင်တာနက်တွင် ပုံများပိုမိုသိမ်းဆည်းခွင့် စသည့် အခွင့်အရေးများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တစ်ဦးချင်းစီ သုံးစွဲမှုအစီအစဉ်အရ Postpaid ကို ရယူသူများအနေဖြင့် မိမိနှင့်အသင့်တော်ဆုံး အစီအစဉ်ကို ရွေးချယ်နိုင်ခြင်း၊ တယ်လီနောဆိုင်များတွင် ဦးစားပေးဝန်ဆောင်မှုများရရှိနိုင်ခြင်း၊ မိမိအဆင်ပြေသောပုံစံဖြင့် အသုံးပြုခကို CB ဘဏ်သို့မဟုတ် တယ်လီနောဆိုင်များတွင် ပေးချေနိုင်ခြင်း၊ မိမိသုံးသမျှကို အသေးစိတ်ဖော်ပြထားသော ငွေတောင်းခံလွှာ (Detailed bill)ကို ရရှိနိုင်ခြင်း၊ လစဉ်လတိုင်းအသုံးပြုခတောင်းခံလွှာကို My Telenor App သို့မဟုတ် Telenor Web Portal သို့မဟုတ် အီးမေးလ်မှတစ်ဆင့် E-bill အနေဖြင့် ရရှိနိုင်ခြင်း စသည့် အားသာချက်များရှိမည်ဖြစ်သည်။

အဖွဲ့အစည်းအလိုက် သုံးစွဲမှုအစီအစဉ်တွင် မိမိနှင့်အသင့်တော်ဆုံး plan ကို ရွေးချယ်နိုင်ခြင်း၊ အဖွဲ့အစည်းမှ ဝန်ထမ်းများအတွက် ဖုန်းနံပါတ်များ အစဉ်လိုက်ရွေးချယ်နိုင်ခြင်း၊ ကုမ္ပဏီအတွင်း အချင်းချင်း ဖုန်းခေါ်ဆိုခြင်းအတွက် အထူးဈေးနှုန်းများ၊ ကုမ္ပဏီများအတွက် ဝန်ဆောင်မှုများ အဆင်ပြေစေရန် ကိုယ်ပိုင် account manager ထားရှိပေးခြင်း၊ တယ်လီနောဆိုင်များနှင့် ကောလ်စင်တာတို့တွင် အထူးဦးစားပေး ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း၊ အသေးစိတ်ဖော်ပြထားသော ငွေတောင်းခံလွှာနှင့် e-billing များရရှိနိုင်ခြင်း၊ ရုံးအရောက် အသုံးပြုခ လာရောက်ကောက်ခံပေးခြင်း စသည့် အားသာချက်များ ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနော Postpaid ကို ဝယ်ယူသုံးစွဲရာတွင် တစ်ဦးချင်းစီ သုံးစွဲမှုအစီအစဉ်ကို တယ်လီနောအရောင်းဆိုင်များတွင် သက်ဆိုင်ရာ အထောက်အထားများဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ကာ ကုမ္ပဏီနှင့် အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းအလိုက် သုံးစွဲမှုအစီအစဉ်ကို ဝယ်ယူပါက enterprise@telenor.com.mm သို့ အီးမေးလ်ပေးပို့ဆက်သွယ်ကာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအသုံးပြုနေသော ငွေဖြည့်စနစ်ကို အသုံးပြုနေသူများအနေဖြင့်လည်း Postpaid Plan ကို ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ပြီး Telenor Postpaid SIM ကို အသုံးပြုရန်အတွက် Telenor မှ သတ်မှတ်ပုံစံကိုဖြည့်သွင်းကာ သတ်မှတ်ထားသော စရန်ငွေ (deposit) ပေးဆောင်ပြီးပါက Postpaid ဆင်းကတ်များကို စတင်အသုံးပြုခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် Postpaid ဆင်းကတ်ကို ပြောင်းလဲသုံးရန်သို့မဟုတ် အသစ်သုံးရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင်၊ ကျောင်းသားကတ်စသည့် ကတ်တစ်ခုခု သို့မဟုတ် ရပ်ကွက်ထောက်ခံစာ တစ်ခုခုကို ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# မျက်နှာပြင် ၆ လက်မရှိ Galaxy A9 Pro 2016 ကို ဆမ်ဆောင်းမိတ်ဆက်

**ရန်ကုန် ဇူလိုင် ၂၂**

ဆမ်ဆောင်း၏ ဂလက်ဆီဖုန်းများမှ နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး ဆမ်ဆောင်းဖုန်းများတွင် မျက်နှာပြင်အရွယ်အစားအကြီးဆုံးဖုန်းဖြစ်သော Samsung Galaxy A9 Pro 2016 ကို ဆမ်ဆောင်းမြန်မာက ပြည်တွင်းဈေးကွက်သို့ ဇူလိုင် ၂၁ ရက်က စတင်မိတ်ဆက်ခဲ့သည်။

Galaxy A9 Pro 2016 သည် ၂၀၁၄ အောက်တိုဘာလတွင် စတင်မိတ်ဆက်ခဲ့သော Galaxy A series ၏ နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ကာ မူလဒီဇိုင်းတွင် သတ္တုနှင့် ဖန်သားပြင်တို့၏ ပေါင်းစပ်မှုဖြင့် အဆင့်မြှင့်တင်ပြီး ဆန်းသစ်ဖန်တီးထားကြောင်း သိရသည်။ အလွန်လျင်မြန်သည့် အားသွင်းစနစ်ကို ထည့်သွင်းထားပြီး ကင်မရာအရည်အသွေးနှင့် စွမ်းဆောင်ရည်များကိုလည်း ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာ မျက်နှာပြင်ကြီးပြီး စွမ်းဆောင်ရည်မြင့်တဲ့ စမတ်ဖုန်းကို လိုချင်တဲ့လူတွေများလာတာကြောင့် ဒီ Galaxy A9 Pro ဟာ တကယ်ကို သင့်တော်တဲ့ဖုန်းအမျိုးအစားတစ်ခု ဖြစ်ပါတယ်။ ဒီ Galaxy A9 Pro 2016 က 4G နဲ့ 3G စနစ် နှစ်မျိုးလုံးကို တစ်ပြိုင်နက် အသုံးပြုနိုင်တဲ့ Dual SIM အမျိုးအစား ဖြစ်တဲ့အပြင် ဖုန်းတွင်းမှတ်ဉာဏ်ကို 128 GB အထိ တိုးမြှင့်အသုံးပြုနိုင်တဲ့ Micro SD card slot လည်း ပါဝင်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောသည်။

Galaxy A9 Pro 2016 သည် မျက်နှာပြင်အရွယ်အစားမှာ ခြောက်လက်မအထိရှိသည့်အပြင် Resolution အနေဖြင့် 1920 x 1080 Pixels အထိရှိသဖြင့် Full HD ရုပ်ထွက်ကို ရရှိနိုင်မည်ဖြစ်ကာ မျက်နှာပြင်ကို ထိခိုက်မှုများမှ ကာကွယ်နိုင်ရန် Gorilla Glass 4 Protection ပါဝင်သည်။ ကင်မရာပိုင်းတွင် ၁၆ မဂ္ဂါပစ်ဇယ်ရှိကျောဘက်ကင်မရာတွင် အရည်အသွေးကောင်းမွန်သော ဓာတ်ပုံများကို ရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်များ ထည့်သွင်းထားပြီး ရှေ့ကင်မရာမှာလည်း ၈ မဂ္ဂါပစ်ဇယ် အရည်အသွေးရှိခြင်းကြောင့် ပြည်တွင်းဈေးကွက်မှဖုန်းများတွင် အကောင်းဆုံး




ဆယ်လ်ဖီကင်မရာပါသည့် ဖုန်းတစ်လုံးဖြစ်သည်။

အန်းဒရွိုက်ဗားရှင်းအနေဖြင့် 6.0(Marshmallow)ကို သုံးထားပြီး User Interface မှာ ဆမ်ဆောင်း၏ကိုယ်ပိုင် TouchWiz UI ဖြစ်သည်။ CPU အနေဖြင့် 1.8 GHz ရှိသည့် octa-core Qualcomm Snapdragon 652 chipset ပါဝင်ပြီး RAM မှာ 4GB ရှိသည်။ မင်မိုရီအနေဖြင့် အင်တာနယ်မင်မိုရီ 32 GB ပါဝင်ပြီး microSD ကတ်ကို ထည့်သွင်းပါက 128 GB အထိ ထပ်ထည့်နိုင်ရန် ထောက်ပံ့ပေးထားသည်။ အရွယ်အစားကြီးမားသည့် ဖုန်းမျက်နှာပြင်ကို ကြာရှည်အသုံးပြုနိုင်ရန် အားကောင်းသော 5000 mAh ရှိသည့် ဘက်ထရီကိုလည်း ထည့်သွင်းပေးထားသည်။

Galaxy A9 Pro 2016 စမတ်ဖုန်းသစ် စတင်မိတ်ဆက်ချိန်တွင် ဝယ်ယူသူများအား ဆမ်ဆောင်းအမှတ်တံဆိပ် 32 GB micro SD card ကို လက်ဆောင်အဖြစ် ဆမ်ဆောင်းမြန်မာက ပေးသွားမည့်အပြင် ဆမ်ဆောင်းနှင့် အူရီဒူးပူးပေါင်း၍ ပရိုမိုးရှင်းခံစားခွင့်များပါဝင်သည့် အူရီဒူးဆင်းကတ်တစ်ကတ်ကိုလည်း လက်ဆောင်အဖြစ် ထည့်ပေးမည်ဖြစ်ကြောင်း သိရသည်။

Samsung Galaxy A9 Pro ၏ ပြင်ပကိုယ်ထည်ကို သတ္တုကိုယ်ထည်ဖြင့် ပြုလုပ်ထားပြီး အရောင်အနေဖြင့် ရွှေရောင်၊ အဖြူရောင်၊ အနက်ရောင်ကိုယ်ထည်များဖြင့် ရရှိနိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံ ဈေးကွက်တွင် ဇူလိုင် ၂၂ ရက်မှစ၍ ကျပ် ၅၅၅၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## လျှပ်စစ်ဓာတ်အား အချိန်ပိုင်းပြတ်တောက်မည် ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဇူလိုင် ၂၂**

ဇူလိုင် ၂၃ ရက်တွင် ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံတောင်၊ သဃ်န်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ရန်ကင်း၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ အလုံ၊ ဒဂုံ၊ လမ်းမတော်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ သန်လျင်၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ ထောက်ကြန့်၊ လှည်းကူး၊ ဖောင်ကြီး၊ ထန်းတပင်၊ တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ အင်းတိုင်၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

ဇူလိုင် ၂၄ ရက်တွင် ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ လှိုင်၊ ဗဟန်း၊ စမ်းချောင်း၊ လမ်းမတော်၊ လသာ၊ အလုံ၊ မရမ်းကုန်း၊ သန်လျင်၊ ရွှေပြည်သာ၊ တိုက်ကြီး၊ လှည်းကူး၊ မြောင်းတကာ၊ မှော်ဘီ၊ ဥက္ကံ မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

ယခုပန်ကြားလွှာ၌ ဖော်ပြပါရှိသော မြို့နယ်များ၏ ရပ်ကွက်အချို့၊ နေရာအချို့တို့တွင်သာ အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်းနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုလျက်ရှိသော လုပ်ငန်းသုံး မော်တော်ယာဉ်များအတွက် လဲလှယ်ရန်လိုအပ်လျက်ရှိသည့် တာယာဆိုဒ်စုံ (၃၁၇)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ထုတ်ယူရမည့်ရက်** - ၂၅-၇-၂၀၁၆ရက်

၃။ **တင်ဒါပုံစံသွင်းရမည့် နောက်ဆုံးရက်** - ၂၉-၇-၂၀၁၆ရက်

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၆၇-၄၃၂၀၈၁၊ ၄၃၂၀၈၃

**တာယာနှင့် ဘက်ထရီများဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း၊ တည်ဆောက်ရေးလုပ်ငန်းသုံး ဓာတ်အားရရှိရေးလုပ်ငန်းတွင် 11KV, 0.4KVဓာတ်အားလိုင်းနှင့် 11/0. 4 KVဓာတ်အားခွဲရုံများ တည်ဆောက်ရန်အတွက် လိုအပ်သော ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာ(ကျပ်)ငွေ (အရောက်ပို့စနစ်) ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်**-၂၂-၇-၂၀၁၆ရက် ၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်**-၂၉-၇-၂၀၁၆ရက် ၁၆း၃၀နာရီ

၃။ Technical Proposalနှင့် Price Proposalများအား ၂၃-၈-၂၀၁၆ရက် ၁၅း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန် အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအားလျှပ်စစ်ဌာနခွဲ (၁)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မင်းဘူးမြို့**
**ဖုန်း-၀၆၅-၃၀၂၈၇၊ ၀၉-၃၂၃၈၅၉၁၆**

---

**မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးယာဉ်နှင့် စက်ကိရိယာ တန်ဆာပလာပစ္စည်းများ၊ ရုံးသုံးပရိဘောဂများအားဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ဆောက်လုပ်ရေးလုပ်ငန်း**

| | | |
|---|---|---|
| (၁) | ရုံးအသစ်ဆောက်လုပ်ခြင်း (၇၀'×၃၆') RC ၂ထပ် ရေ၊ မီး၊ မိလ္လာအပါအဝင် | (၁) လုံး |
| (၂) | ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ (၂)ထပ် (၃၆'×၅၀') RC ၂ထပ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင် | (၁) လုံး |
| (၃) | ၂" ရေတွင်း (300'-0") | (၁) တွင်း |
| (၄) | ရေစင် (1600 Gal Heigh 30'-0") | (၁) စင် |
| (၅) | ခြံစည်းရိုးကာရံခြင်း(380'-0") (၂' အမြင့်အုတ်ခုံ၊ ကွန်ကရစ်တိုင်၊ချိန်းလင့်၊ သံတံခါး) | (၁) ခု |
| (၆) | ရုံးဝင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်း (209'-0" x 12'-0"x0'-8") | (၁) ခု |

(ခ) **ရုံးသုံးစက်ကိရိယာ(၉)မျိုး**

Air Con 1HP Summit(၁)လုံး/ Water Cooler Glacier (၁)လုံး/ Projector Screen (၁)လုံး/လျှပ်စစ်သံဂဟေဆက်ပစ္စည်း (၁၈)မျိုး/ ပရိဘောဂ လုပ်ငန်းသုံးပစ္စည်း (၄၄)မျိုး/ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းသုံးပစ္စည်း(၆)မျိုး/Colour Printer Fuji Xerox Docuprint(cp 116w)(၁)လုံး/ ဂဏန်းပေါင်းစက်(၃)လုံး/မျက်နှာကြက်ပန်ကာ (HUSAN) (၄)လုံး

(ဂ) **ရုံးသုံးပရိဘောဂ (၃)မျိုး**

အရာရှိစားပွဲ ၆'×၃' (ကျွန်း) (၂)လုံး အံဆွဲ (၃)ဆင့် (၂)ဖက်ပါ လက်တင်မပါကုလားထိုင်(ကျွန်း) (၆)လုံး/ဆက်တီ(ကျွန်း) (၁)စုံ

(ဃ) **မော်တော်ဆိုင်ကယ်**

Honda Wave 100 (THAI) (၁) စီး
Dream Follow Me (CHINA) (110)(၁) စီး

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၅-၇-၂၀၁၆ ရက်
(ခ) **တင်ဒါတင်သွင်းရန်** - ၂၂-၈-၂၀၁၆ ရက်
(ဂ) **တင်ဒါဖွင့်ရက်** - ၂၄-၈-၂၀၁၆ ရက်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၆၅၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

**သွင်းကုန်ကြေညာလွှာပျောက်ဆုံးခြင်း**

ကျွန်တော်များ Automobile Alliance Co., Ltd. ၏ သွင်းကုန်ကြေညာလွှာအမှတ် အောက်ပါ ID များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း - ၀၉ ၇၈၈၈၈၄၄၃၃၉။**

(၁) 848262 (၂) 828142
(၃) 705781 (၄) 774477
(၅) 832540 (၆) 739363

---

## နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ထားဝယ်မြို့၊ ကညံ့ရပ်၊ သမဝါယမလမ်း၊ အမှတ် ၃၉၉နေ ကျွန်မဒေါ်ခင်နှစ် ၆/လလန(နိုင်)၀၆၃၂၅၇ ဈေးရောင်းနှင့် ခင်ပွန်း ဦးဇော်မျိုးနိုင် ၁၃/ကလန(နိုင်)၀၁၄၅၁၁တို့သည် ၅-၇-၂၀၁၆ ရက်တွင် အသိသက်သေနှစ်ဦးရှေ့၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်တွင် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းနှင့် နောက်နောင်တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း ကြေညာပါသည်။

**ဦးဇော်မျိုးနိုင် ၁၃/ကလန(နိုင်)၀၁၄၅၁၁**
**ဒေါ်ခင်နှစ် ၆/လလန(နိုင်)၀၆၃၂၅၇**

---

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၃၁-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

---

## ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စဆ-၃၃၀ မခင်မျိုးနိုင်ကို ဘာသာစုံဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခြင်းနှင့် ၂၀၁၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ် စာစီစာကုံးပြိုင်ပွဲတွင် န၀မတန်းကျောင်းသူ မထက်ရွှေရည်မြင့်အောင်ကို နိုင်ငံတော်အဆင့် ပထမရရှိအောင် စွမ်းဆောင်ပေးခြင်းအတွက် မြင်းမူမြို့ အထက (၂)မှ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ ဆရာမများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျောင်းဂုဏ်ဆောင်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက (၂) မြင်းမူမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈၆**

ဒေါ်ဝင်းကြည် **နှင့်** ဒေါ်နန်းအေးလှ ပါ-၂
**တရားလို** **တရားပြိုင်များ**

ဒေါ်ကျော့ရွှင်လန် "Dလုံး"Fashions Shop၊ ၅၈ လမ်း၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်ဗထူးလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ)နေ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းကြည်က ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် ဇူလိုင် ၂၉ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မူမူအေး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၉**

ဒေါ်အဲအန်း(ခ) **နှင့်** ဒေါ်မြသန်း
ဒေါ်သန်းကြည်
**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ အမှတ် (ဒ-၁၁)၊ စွယ်တော်လမ်း၊ ရပ်ကွက်ကြီး(၈)နေ ဒေါ်မြသန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ရေးချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

---

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)အနေဖြင့် အောက်ပါပစ္စည်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 1(Q) Survey Equipments/ Local Purchase/ IRR/2016-2017 | Survey Equipment | 1 Lot | Myanmar Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

---

## ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ဟသ်ာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ ကြည့်ကန်ကျောင်းလမ်း၊ အမှတ် ၃၁၄နေ
ဦးလှမြင့်-ဒေါ်ခင်ရွှေဝင်းတို့၏သား

**မောင်ခိုင်လင်းသော် (M.C.Tech)**
**System Engineer (Bliss Stock Co.,Ld.) Tokyo, Japan**

**နှင့်**

ဖျာပုံမြို့၊ (၇)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၂၉နေ
ဦးမြင့်အောင်-ဒေါ်အေးအေးဝင်းတို့၏သမီးကြီး

**မဇင်မိုးသူ (B Econ-Eco)**
**IT Management ICI Co.,Ltd.) Tokyo, Japan**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုမှုဖြင့် ၁၃-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) လက်ထပ်မင်္ဂလာရက်မြတ်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ မြန်မာသံရုံးမှ ဒုတိယအကြီးအကဲ၊ သံမှူး ဒေါ်ခင်နီလာစိုးနှင့် ဒုတိယအတွင်းဝန် ဒေါ်ဟန်စုမွန်တို့အားလည်းကောင်း၊ သံရုံးတွင် အစစအရာရာကူညီဆောင်ရွက်ပေးပါသော ဦးကိုကိုဇော်အားလည်းကောင်း၊ ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် တိုကျိုမြို့၌ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြသော သူငယ်ချင်းများ၊ မိတ်ဆွေများအားလည်းကောင်း၊ လက်ထပ်မင်္ဂလာနှင့် မင်္ဂလာညည့်ခံပွဲတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ ညီအစ်ကိုမောင်နှမများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်ခိုင်လင်းသော်-မဇင်မိုးသူ**

---

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခကွန်ဒိုမီနီယံရှိ Tower(C) Level-4 Unit Type C-5၊ အခန်းနံပါတ်(04-05)၊ မြေဧရိယာ ၁၂၃၆ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အများသိရှိစေရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူများဖြစ်ကြသည့် ဦးအောင်ခိုင်(ခ) ဦးတိုးအောင် ၁၂/ကတန(နိုင်)၀၀၀၅၀၆၊ ဒေါ်ခင်မို့မို့လွင် ၁၂/လမတ(နိုင်)၀၀၀၈၇၄တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ(LL.B)** **ဒေါ်လှလှခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
**အမှတ် ၉/၁၁၊ အခန်းအမှတ်(၂၀၁-A)၊ ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊(၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ တိုက်အမှတ် (၂၅/၂၇)ဟုခေါ်တွင်သော သုံးခန်းတွဲငါးထပ်ပါရှိသည့် အဆောက်အအုံ၏ မြေညီထပ် ခေါင်းရင်းခန်း(ရှေ့မှမျက်နှာမူကြည့်လျှင် ဝဲဘက်ထောင့်ခန်း)ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စိန် ၉/မရတ(နိုင်)၀၆၉၅၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ တစ်ဆယ့်လေးရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှသိန်း (ဥပဒေအကျိုးဆောင်ရှေ့နေ) (စဉ်-၆၃၁၅)**
**အမှတ်(၉၇)၊ ၁၀၁ လမ်း၊ ဖို့မြေရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကဝိပုညလမ်း၊ တိုက်အမှတ်၆၅၆၊ လေးလွှာ၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်နိုင် ၁၂/တမန(နိုင်) ၁၁၀၀၃၉ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်နိုင်** LL.B. Dip.in French
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၈၃)**
**အမှတ် ၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၀၄၆၇**

---

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၉/တတဥ(နိုင်)၀၆၃၄၅၀ ဖြစ်ပါသည်။ **ဦးမြင့်စိုး**

### မိခင်အမည်မှန်

မိုးကောင်းမြို့၊ သိုက်ဝါးကုန်းကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်း (A)မှ မနှင်းဝေဦး၊ အ၅မတန်းမှ မခင်နှင်းကြည်၊ ဆ၅မတန်းမှ မအေးအေးမြင့်၊ တတိယတန်းမှ မမေသက်ထွန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းစိန် ၁/မကတ(နိုင်)၀၁၉၄၃၉ ဖြစ်ပါသည်။

**ဒေါ်သန်းသန်းစိန်**

### ဖခင်အမည်မှန်

ယင်းမာပင်မြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇော်မိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဦး ၅/ယမပ(နိုင်)၀၁၇၉၂၄ ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ဦး**

### အမည်ပြောင်း

ဦးရန်နိုင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မအေးစန္ဒီဇင်အား မခိုင်ခန့်စံဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ခန့်စံ**

### ဖခင်အမည်မှန်

သန်လျင်မြို့နယ် အ. ထ. က (မျဉ်းထောင်ကျောင်းခွဲ) န၀မတန်း မမေမိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးစိန်မြင့် (၁၄/ဝခမ(နိုင်)၂၃၀၁၃၂) ဖြစ်ပါကြောင်း။ **ဦးစိန်မြင့်**

### ဖခင်အမည်မှန်

လှိုင်းဘွဲ့မြို့နယ် အ. ထ. က(ခွဲ)ကော့လာရွာ ဒသမတန်းမှ နန်းမိုးမိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်စိုး (၃/လဘန(နိုင်) ၁၇၀၀၅၀) ဖြစ်ပါကြောင်း။ **ဦးသန်းထိုက်စိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဘဲဒုံရွာနေ ဦးအောင်ခို၏သား မောင်ကျော်အောင်လွင်(ခ)မောင်အောင်ကျော်လွင်သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။ **မောင်ကျော်အောင်လွင်(ခ)အောင်ကျော်လွင်**





**ဝန်ထမ်းခန့်ထားရန်**

မုံ့တွင်း၊ မုံ့ပြင်စိမ်း ဆောင်ရွက်နိုင်သူ

ကျား/မ (၁) ဦး၊ အသက် (၂၅) မှ (၄၅) ကြား

လဖာကောင်း

Ph:09-4202-74496

---

## ဝန်ထမ်းအလိုရှိသည်

**Excellent Design Construction & Decorative Work Co.,Ltd.**

ပ-၄၅၊ ပွဲရုံတန်း၊ သပြေကုန်း၊ နေပြည်တော်

ဖုန်း-၀၉-၄၃၁၄၂၂၇၁၊ ၀၉-၉၆၄၃၀၉၉၉၇၊ ၀၉-၄၃၁၇၄၀၂၁

၁။ **Site Engineer** ကျား (၂)ဦး
AGTI, B-Tech, B.E, ME(Civil)
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်။

၂။ **Site Engineer** ကျား (၂)ဦး
AGTI, B-Tech, B.E, ME(EP)
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်။

၃။ **Site Engineer** ကျား (၂)ဦး
AGTI, B-Tech, B.E, ME(Electronic)
- Audio, Video System and Related Field
- LED Display (Indoor, Outdoor) and Related Field
- Conferencing System
- (Installation, Maintenance and Services) လုပ်ငန်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်။

၄။ **Computer ကျွမ်းကျင်** ကျား/မ (၂)ဦး
- ဘွဲ့ရဖြစ်ရမည်
- Microsoft Word, Excel
- Design Software Tools, Photoshop, DTP, Website
- Graphic Design, Auto Cad စသည့် လုပ်ငန်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၅။ **Accountant** မ (၁)ဦး
- ဘွဲ့ရဖြစ်ရမည်
- B.Com, LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်နှင့်အထက်ရှိရမည်။
- Accounting Software များကို Computer နှင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၆။ **ထမင်းချက်** ကျား (၁)ဦး
- အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်း

**အထက်ပါဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်၍ လစာညှိနှိုင်းဆောင်ရွက်ပေးမည်။**

အမှတ်စဉ်အားလုံးအတွက် လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်ပြီး ဆက်ဆံရေးအဆင်ပြေချောမွေ့စွာ ပြောဆိုဆက်ဆံနိုင်ရမည်။ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။ နေပြည်တော်တွင် နေထိုင်လုပ်ကိုင်နိုင်သူအား ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း စာရွက်စာတမ်းများနှင့်အတူ လျှောက်လွှာများကို ၁၅-၈-၂၀၁၆ ရက်နောက်ဆုံးထားပြီး အထက်ဖော်ပြပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

---

**မန္တလေးလမ်းမ နေရာကောင်း အထူးဈေးဖြင့် ရောင်းရန်ရှိသည်**

မန္တလေး ၈၂လမ်းမ (၄၀×၄၁ လမ်းကြား)၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ ၂၇.၅×၆၀ ပေ။ ဘိုးဘွားပိုင်မြေ။ အထူးဈေး -၄၉၀၀ သိန်း။

**ရုံးချိန်အတွင်း ဖုန်း-၀၉-၇၃၁၇၇၅၅၇၊ ၀၉-၇၉၉၆၆၆၀၇၂**

---

**အထူးလျှော့ဈေးဖြင့် ဥယျာဉ်ခြံမြေရောင်းရန်ရှိသည်**

အလားအလာများစွာရှိသော ကွမ်းခြံကုန်းမြို့၊ ခရမ်းလမ်းသွားလမ်းမဘေး၊ ဝင်လမ်းပါရှိသော ဥယျာဉ်ခြံမြေ ၇၅ဧကခန့်။ အထူးဈေး -တစ်ဧက ၅၉သိန်း။

**ရုံးချိန်အတွင်း ဖုန်း-၀၉-၇၉၉၆၆၆၀၇၂၊ ၀၉-၃၀၂၂၅၆၉၄၊ ၀၉-၇၃၁၇၇၅၅၇**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈ယ/၅၃၂၃၃ Honda Wave ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမနန်းစံ ၃/ဘအန(နိုင်)၂၆၃၂၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၂၂၉၇၂ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆွေရီသင်း ၃/ဘအန(နိုင်)၂၈၁၆၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၈၂၁၁၇ Honda Wave NF 100R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသက်ဦး ၁၀/မဒန(နိုင်)၁၈၀၄၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/3977 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ခ/၃၉၅၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

**ပျောက်ဆုံးကြောင်း**

ဦးစံလှပိုင် ကမ်းရိုးတန်းသွား ကုန်တင်စက်လှေ ရတနာထွန်းအောင် (အမှတ် ၂၁၃၂) ၏ စက်လှေမူရင်းဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၉၄၄၀၆**

---

## ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Educare Co.,Ltd မှ International School of Myanmar တွင် ခန့်ထားရန် အောက်ပါ ဝန်းထမ်းများ အလိုရှိပါသည်။မကြာသေးမီက ရိုက်ကူးထားသောဓါတ်ပုံတစ်ပုံ၊ C.V၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ ဖေါ်ပြချက်အတွက် စာရွက်စာတမ်းများနှင့် အတူ W-22၊ မြကန်သာလမ်းမကြီး၊ မြကန်သာအိမ်ရာ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်တွင်ကြော်ငြာပါသည့် နေ့မှစ၍ နှစ်ပတ်အတွင်း နံနက် (၉:၃၀)မှ (၁၁:၀၀)နာရီအတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

1.Office Secretary ( Female) 1 post
- Any Graduate (preferably with at least 3 years of related work experience)
-Proficient in both Myanmar and English,must be able to translate between the two languages
-Knowledge of protocol and administrative procedures
-High skills in computer with proficiency in office applications
-Excellent communication,organizational and interpersonal skills
-Must have high personal appearance and good character

2.Accountant (Female) 1 post
B.Com,C.P.A

3.Assistant Store Account 1 post
B.Com, LCCI Level III,

4.Nurse (Female) 1 post
B.Sc Nursing

5.Receptionist (Female) 1 post
Any Graduate




# မြဝတီ-မဲဆောက်နယ်စပ်ဂိတ်၌ နိုင်ငံတော်သီချင်းဖွင့်လျှင် မတ်တတ်ရပ်ဂါရဝပြု

**ထိန်လင်းအောင်(ပြန်/ဆက်)**

**မြဝတီ ဇူလိုင် ၂၂**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ မြဝတီ-မဲဆောက် နယ်စပ်ဂိတ်ဝ အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် နိုင်ငံတော်သီချင်း ဖွင့်လှစ်လျှင် ဝန်ထမ်းများ၊ နိုင်ငံခြားသားများ၊ ခရီးသွားများနှင့် လုပ်သားပြည်သူများက နိုင်ငံတော်သီချင်းကြားသည့်နေရာတွင် မတ်တတ်ရပ်၍ ဂါရဝပြုကြသည့် အစီအစဉ်အား **(ယနေ့)** ဇူလိုင် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အား နိုင်ငံသားများအနေဖြင့် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်စေရေးရည်ရွယ်ပြီး မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ စုပေါင်းဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သီချင်းအား ယနေ့ စတင်ဖွင့်လှစ်ရာ သီချင်းသံကြားသည့် လုပ်သားပြည်သူများ၊ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ၊ နိုင်ငံခြားသားများအားလုံး ရောက်ရှိနေရာ၌ မတ်တတ်ရပ်၍ ဂါရဝပြုကြသည့်အပြင် သွားလာနေသော မော်တော်ယာဉ်များပါ ရပ်ပေးလျက် တလေးတစား ဂါရဝပြုကြသည်ကိုလည်း တွေ့ရှိရသည့်အတွက် အစီအစဉ်အကောင်အထည်ဖော်ရကျိုးနပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ အစီအစဉ်ကို နေ့စဉ်နံနက် ၉ နာရီတစ်ကြိမ် ညနေ ၃ နာရီခွဲတွင် တစ်ကြိမ် တစ်နေ့နှစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ချင်းတွင်းမြစ်ရေ ခန္တီးမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

## ကရင်ပြည်နယ် ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲ ကျင်းပ

စာ - ၆

## ဆိုလာပြား ဝိုင်ယာရှော့ခ်မှ တစ်ဆင့် နေအိမ် ၂၀ မီးလောင်

စာ - ၁၃

# ရန်ကုန်နှင့် ဗန်ကောက် လေကြောင်းလိုင်းသစ်ဖွင့်

**သတင်း - မြင့်မောင်စိုး ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ခရီးသွားဆက်ဆံမှုလွယ်ကူချောမွေ့စေပြီး နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အကူပြုစေရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် Thai Lion Air လေကြောင်းလိုင်းအနေဖြင့် လက်ရှိပြေးဆွဲနေသော နိုင်ငံတကာလေကြောင်းခရီးစဉ်များအပြင် ရန်ကုန်-ဗန်ကောက်(ဒွန်မောင်း) ခရီးစဉ်သစ်အဖြစ် တိုးချဲ့ပြေးဆွဲပြီဖြစ်ကြောင်း ယင်းလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ လက်ရှိ စင်ကာပူ၊ ဂျကာတာနဲ့ တရုတ်ခရီးစဉ်တွေအပြင် ရန်ကုန်ခရီးစဉ်ကို ဒီကနေ့(ဇူလိုင် ၂၂) ရက်ကစပြီး တစ်ရက်ကို မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပျံသန်းပြေးဆွဲမှုကို စတင်လိုက်ပြီဖြစ်ပါတယ်။

*စာမျက်နှာ ၆ ကော်လံ ၅ ❍*

